ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ စနေနေ့။ Saturday, 10 September 2022 ၁၀၈၅၄

## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Republic of Buryatia ပြည်နယ် Ulan-Ude မြို့သို့ ရောက်ရှိ Ivolginsky Dastan ဘုန်းတော်ကြီး ကျောင်းသို့ သွားရောက်လေ့လာ



**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Amur ပြည်နယ် Blagoveshchensk မြို့ Ignatyevo အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Republic of Buryatia ပြည်နယ် Ulan–Ude မြို့ Baikal လေဆိပ်သို့ရောက်ရှိကြရာ Republic of Buryatia ပြည်နယ် အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အား Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov က ၎င်းတို့ ပြည်နယ်မှ နောက်ဆုံး အဆင့်မြင့်တင်ထုတ်လုပ်ထားသည့် ရဟတ်ယာဉ်ကို လေဆိပ်၌ လိုက်လံပြသခဲ့ပြီး အတွင်းပိုင်း၊ အပြင်ပိုင်းပြင်ဆင်ထားရှိမှုနှင့် စွမ်းဆောင်ရည်များကို ရှင်းလင်းတင်ပြခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာယန ဗုဒ္ဓဘာသာ ခေါင်းဆောင်ဆရာတော်ကြီး Damba Bandmaeich Ayusheev အား ဗုဒ္ဓရုပ်ပွားတော်မြတ် ဆက်ကပ်လှူဒါန်းစဉ်။

## ယနေ့ ဖတ်စရာ

**တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် ပန်းခင်းစီမံချက် ရာနှုန်းပြည့်ပြီးစီး**

စာမျက်နှာ » ၇

**ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များအတွက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း**

စာမျက်နှာ » ၁၁

**ဓာတ်ခွဲနမူနာစုစုပေါင်း ၉၈၄၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၉၁ ဦး တွေ့ရှိ**

စာမျက်နှာ » ၁၂

ကြေးမုံ

# ရုရှား-မြန်မာဆက်ဆံရေး မြင့်မားတိုးတက်

ရုရှား-မြန်မာ ရင်းနှီးချစ်ကြည်ဆက်ဆံမှုသည် (၇၅)နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့ တွေ့ဆုံခဲ့ရာ၌ ရုရှားသမ္မတက လာမည့် ၂၀၂၃ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်မြောက်မည်ဖြစ်၍ ဂုဏ်ပြုအခမ်းအနားပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် (၇၅) နှစ်ပြည့်မြောက်တော့မည်ဖြစ်၍ ထူးခြားသည့် သမိုင်းကြောင်းဆက်ဆံရေးကို ဖော်ဆောင်နိုင်တော့မည်ဖြစ်သည်။ ဖြတ်သန်းလာခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကြောင်းတစ်လျှောက်တွင် အနိမ့်၊ အမြင့်မျိုးစုံရှိခဲ့ပြီး လွန်ခဲ့သည့်ဆယ်စုနှစ်နှစ်ခုမှစတင်၍ နှစ်နိုင်ငံဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့် မြင့်မားတိုးတက်လာသည်။ ရုရှားနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင် အစဉ်အလာကြီးမားသောနိုင်ငံ ဖြစ်သည်။ ယခုလက်ရှိ ရုရှားသမ္မတတာဝန်ယူလျက်ရှိသည့် ဆယ်စုနှစ်ကာလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် အလွန်တိုးတက်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံ ဖြစ်လာခဲ့သည်။

ကမ္ဘာပေါ်တွင် အင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံ၏ လွှမ်းမိုးမှုကြီးမားနေသောအချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် ကမ္ဘာ့အရေးကိစ္စမှန်သမျှတွင် သမာသမတ်ကျစွာဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဘက်လိုက်မှုများလွှမ်းမိုးနေပြီး မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေးနေသောကာလ၌ ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် သမာသမတ်ကျစွာဖြင့် ရိုင်းပင်းကူညီလက်တွဲဆောင်ရွက်မှုများ ပြုလုပ်ပေးနေသည်မှာ မိတ်ဆွေကောင်းပီသသည့် နိုင်ငံအဖြစ် ပေါ်လွင်ထင်ရှားပေသည်။ ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အရှေ့တောင်အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

ထို့ကြောင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် (၇၅)နှစ်မြောက်ကာလကို ထူးထူးခြားခြားအသိအမှတ်ပြုနိုင်ရန် ဆုံးဖြတ်ထားသည်။ လက်ရှိတွင် အရပ်ဘက်၊ စစ်ဘက်ပူးပေါင်းဆက်ဆံရေးမှာ တိုးတက်ကောင်းမွန်လာသည့်အလျောက် ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် အလားအလာကောင်းများ မြင်တွေ့နေရသည်။ ယခုအခါ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံပါဝင်ဆောင်ရွက်လာနိုင်သည့်အတွက် နှစ်နိုင်ငံအကျိုးစီးပွား အတွက်သာမက ဒေသတွင်းနိုင်ငံများနှင့်ပါ ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို လက်တွေ့ဖော်ဆောင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရုရှားနိုင်ငံသို့ စိုက်ပျိုးရေးနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိသကဲ့သို့ အပြန်အလှန်အားဖြင့် ဓာတ်မြေဩဇာ၊ စက်သုံးဆီနှင့် အခြားသောရေနံထွက်ပစ္စည်းများကို ရုရှားနိုင်ငံမှ တင်သွင်းလျက်ရှိသည်။ ယခုအခါ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နေပြီဖြစ်၍ နှစ်နိုင်ငံအကျိုးစီးပွားများ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်သည်။ ရုရှားနိုင်ငံနှင့် ခိုင်မာသောဆက်ဆံရေးကိုထူထောင်ခြင်းအားဖြင့် မြန်မာနိုင်ငံအပါအဝင် အာရှဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ပံ့ပိုးပေးရာရောက်မည်ဖြစ်သည်။ မျက်မှောက်ကာလတွင် အာရှ-ပစိဖိတ်ဒေသသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသဖြင့် မြန်မာနိုင်ငံပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အကောင်းဆုံးဒေသဖြစ်လာသည်။

ယခုအခါ အာဆီယံဒေသမှ ရုရှားနိုင်ငံအလယ်ပိုင်းသို့ အနီးဆုံးကုန်းလမ်းကြောင်းတစ်ခုနှင့် အာဆီယံဒေသမှ တောင်အာရှဒေသ၊ ပင်လယ်ကွေ့ဒေသနှင့် အလယ်အာရှဒေသကိုဖြတ်သန်းပြီး ရုရှားနိုင်ငံသို့ ဆက်သွယ်ရေးလမ်းကြောင်း လိုအပ်လာသည်။ တရုတ်နိုင်ငံမှဆောင်ရွက်နေသော Belt and Road Initiative (BRI)နှင့် ပေါင်းစပ်ဆောင်ရွက်နိုင်သည်။ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံနှင့်ဆက်ဆံရေး တိုးမြှင့်နိုင်ခြင်းသည် နှစ်နိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ အထောက်အကူပြုသည်။ ဖော်ပြပါ ဆက်သွယ်ရေးလမ်းကြောင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ပထဝီအနေအထားအရ အရှေ့တောင်အာရှ၊ တောင်အာရှဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ အနောက်ဥရောပနှင့် အာရှအရှေ့ပိုင်းသို့ ကူးသန်းဆက်သွယ်ရာတွင်လည်းကောင်း အချက်အချာကျသောနေရာတွင်တည်ရှိသည်။

သို့ဖြစ်ရာ ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မြင့်မားလာမှုနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အစပြုဆောင်ရွက်လျက်ရှိသည့် ကမ္ဘာ့စီးပွားရေးမဟာဗျူဟာတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံများပူးပေါင်းဆောင်ရွက်လာနိုင်သဖြင့် ဒေသတွင်းလုံခြုံမှုနှင့် ကုန်သွယ်စီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ မြင့်မားလာမည်ဖြစ်ရာ ရုရှား-မြန်မာ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုကာလတွင် နှစ်နိုင်ငံဆက်ဆံရေးကို ဆက်လက်အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းရွာ (၁၆)ကြိမ်မြောက် ဆွမ်းသပိတ်စာရေးတံမဲလောင်းလှူပွဲကျင်းပ



ရမည်းသင်း စက်တင်ဘာ ၉

ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာ မဟာရွှေသိမ်တော်ဝင်းအတွင်း စက်တင်ဘာ ၈ ရက် နံနက် ၇ နာရီတွင် (၁၆) ကြိမ်မြောက်ဆွမ်းသပိတ် စာရေးတံမဲလောင်းလှူပွဲကို မုဥ္စလိန္ဒာချောင်ကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဦးသောပါက ဦးစီးကျင်းပရာ ပင့်သံဃာ ၅၂၃ ပါး ဆွမ်းသပိတ်လုံးတွင် ဆွမ်း၊ ဘောဇဉ်၊ လှူဖွယ်ဝတ္ထုများလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

တင်ဦး(ရမည်းသင်း)

## ရွှေဘိုမြို့နယ်၌ သဘာဝပိုးသတ်ဆေး လက်တွေ့ပြုလုပ်ပြသခြင်းသရုပ်ပြပွဲအခမ်းအနား ကျင်းပ



ရွှေဘို စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး ရှင်ယွန်းစံခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် သဘာဝပိုးသတ်ဆေး လက်တွေ့ပြုလုပ်ပြသခြင်း သရုပ်ပြပွဲကို ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ရွှေဘိုမြို့နယ်ဦးစီးမှူး ဦးဆန်းဦးက စိုက်ပျိုးရေးလုပ်ငန်းတွင်သုံးစွဲရန်အတွက် ဓာတုပိုးသတ်ဆေးများကို ဈေးနှုန်းမြင့်မားစွာဝယ်ယူသုံးစွဲမည့်အစား ကုန်ကျစရိတ်သက်သာပြီး ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရန်နှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ်လျှော့ချနိုင်ပြီး သီးနှံအရည်အသွေးများ ကောင်းမွန်စေရန် ရည်ရွယ်၍ ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

### လက်တွေ့ပြသ

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသော တောင်သူဦးကြီးများအား ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သဘာဝပိုးသတ်ဆေး ပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

အေးမြသက်ထား

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉-၉-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၃,၂၄၀ | ၃၃,၈၀၇,၀၀၀ |
| MTSH | ၃,၇၅၀ | ၃,၅၀၀ | ၆,၂၄၅ | ၂၂,၂၈၀,၄၅၀ |
| MCB | ၈,၀၀၀ | ၇,၉၀၀ | ၁၉၅ | ၁,၅၄၁,၅၀၀ |
| FPB | ၂၃,၅၀၀ | ၂၂,၀၀၀ | ၁,၀၆၉ | ၂၃,၉၃၃,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၈၀၀ | ၆၄၅ | ၁,၈၀၃,၇၅၀ |
| EFR | ၂,၈၀၀ | ၂,၇၀၀ | ၁,၄၁၀ | ၃,၉၄၇,၂၀၀ |
| AMATA | ၅,၄၀၀ | ၅,၄၀၀ | ၂၅၃ | ၁,၃၆၆,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၁၉.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၃.၃၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၇.၈၄၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၆.၈၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၉၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၄၁.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၀၃.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၈၀.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၂.၆၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၂ ပါးမြောက် လားမားဘုန်းတော်ကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of Buryatia ပြည်နယ် Ulan–Ude မြို့ Baikal လေဆိပ်၌ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။



☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ivolginsky Dastan ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိကြရာ မဟာယနဗုဒ္ဓဘာသာခေါင်းဆောင် Damba Bandmaeich Ayusheev နှင့် သံဃာတော်များက ကြိုဆိုနှုတ်ဆက်ကြပြီး ကျောင်းတော်အတွင်း ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ၁၂ ပါးမြောက် လားမားဘုန်းတော်ကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး သာသနာတော်ထွန်းကား ပြန့်ပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များ ရှင်းလင်းပြောကြားမှုအပေါ် နာယူကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား မဟာယနဗုဒ္ဓဘာသာခေါင်းဆောင် Damba Bandmaeich Ayusheev နှင့် သံဃာတော်ကြီးများက ကျောင်းဧည့်ခန်းမတွင် လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ Ivolginsky Dastan ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များ မြန်မာနိုင်ငံသို့ သာသနာပြုရောက်ရှိခဲ့စဉ် ရှေးဟောင်းဘုရားစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ထိန်းသိမ်းထားရှိမှုနှင့် နေရာဒေသတိုင်းတွင် ဗုဒ္ဓသာသနာတော်ယဉ်ကျေးမှုများကို တွေ့မြင်ခဲ့ရသည့်အတွက် ကြည်နူး

စာမျက်နှာ ၄ သို့ ☆



**မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်၌ မြန်မာနိုင်ငံမှ ရွှေစည်းခုံပုံတူစေတီတော်ကြီး လာရောက်တည်ထားကိုးကွယ်မှုသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ပထမဆုံးလာရောက်တည်ထားကိုးကွယ်သည့် ဗုဒ္ဓသာသနာစေတီပုထိုးဖြစ်ပြီး ဗုဒ္ဓသာသနာတော်ထွန်းကားရေးအတွက် များစွာအထောက်အပံ့ဖြစ်စေသည့် အခြေအနေများနှင့်ပတ်သက်၍ မိန့်ကြားတော်မူ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov က ၎င်းတို့ပြည်နယ်မှ နောက်ဆုံးအဆင့်မြင့်တင်ထုတ်လုပ်ထားသည့် ရဟတ်ယာဉ်ကို လေဆိပ်၌ လိုက်လံပြသခဲ့ပြီး အတွင်းပိုင်း၊ အပြင်ပိုင်း ပြင်ဆင်ထားရှိမှုနှင့် စွမ်းဆောင်ရည်များကို ရှင်းလင်းတင်ပြစဉ်။

✰ စာမျက်နှာ ၃ မှ
ဝမ်းမြောက်မိသည့် အခြေအနေများ၊ မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်၌ မြန်မာနိုင်ငံမှ ရွှေစည်းခုံပုံတူစေတီတော်ကြီး လာရောက်တည်ထားကိုးကွယ်မှုသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ပထမဆုံးလာရောက်တည်ထားကိုးကွယ်သည့် ဗုဒ္ဓသာသနာ စေတီပုထိုးဖြစ်ပြီး ဗုဒ္ဓသာသနာတော် ထွန်းကားရေးအတွက် များစွာအထောက်အပံ့ဖြစ်စေသည့် အခြေအနေများနှင့် ပတ်သက်၍မိန့်ကြားတော်မူသည်။

**လျှောက်ထား**

ဆရာတော်ကြီး၏ မိန့်ကြားမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကို အများစုကိုးကွယ်ကြပြီး အခြားသော ကိုးကွယ်ရာဘာသာများကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုပေးထားသည့် အခြေအနေများ၊ သာသနာတော်ဆိုင်ရာ အဆောက်အအုံများကို အထွတ်အမြတ်ထား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကမ္ဘာပေါ်ရှိ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ပူဇော်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဠ်တော်များကို ကျောက်စာချပ်များပေါ်တွင်ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးပူဇော်၍ ကျောက်စာရုံ စေတီတော်များ တည်ထားပူဇော်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ လျှောက်ထားတော်မူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာယန ဗုဒ္ဓဘာသာ ခေါင်းဆောင်ဆရာတော်ကြီးအား ဗုဒ္ဓရုပ်ပွားတော်မြတ်များ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၏ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် စုပေါင်းအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက လက်ခံရယူပြီး ဓမ္မလက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

အဆိုပါ Ivolginsky Dastan ဘုန်းတော်ကြီး ကျောင်းသည် Ulan–Ude မြို့မှ ၂၃ ကီလိုမီတာအကွာ Buryatia ဒေသ Verkhnyaya Ivolga ရွာအနီးတွင် တည်ရှိပြီး ၁၉၄၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်က အဆိုပါ ဘုန်းတော်ကြီးကျောင်းသည် Central Spiritual Board of Buddhists of the USSR ၏ နေရာဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် ရုရှားနိုင်ငံရှိ သံဃာအဖွဲ့အစည်းများအတွက် အသုံးပြုလာခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါနေရာသည် ရုရှားနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များ၏ ဌာနချုပ်တစ်ခုကဲ့သို့ဖြစ်ပြီး ဗုဒ္ဓဘာသာဆိုင်ရာ ပညာရပ်များနှင့် လေ့ကျင့်မှုများကို ဆောင်ရွက်လျက်ရှိသည့် နေရာတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မဟာယနဗုဒ္ဓဘာသာခေါင်းဆောင်ဆရာတော်ကြီး Damba Bandmaeich Ayusheev က ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများက ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**Ivolginsky Dastan ဘုန်းတော်ကြီးကျောင်းသည် Ulan-Ude မြို့မှ ၂၃ ကီလိုမီတာအကွာ Buryatia ဒေသ Verkhnyaya Ivolga ရွာအနီးတွင် တည်ရှိပြီး ၁၉၄၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်က အဆိုပါ ဘုန်းတော်ကြီးကျောင်းသည် Central Spiritual Board of Buddhists of the USSR ၏နေရာဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် ရုရှားနိုင်ငံရှိ သံဃာအဖွဲ့အစည်းများအတွက် အသုံးပြုလာခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါနေရာသည် ရုရှားနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များ၏ ဌာနချုပ်တစ်ခုကဲ့သို့ဖြစ်ပြီး ဗုဒ္ဓဘာသာဆိုင်ရာပညာရပ်များနှင့် လေ့ကျင့်မှုများကို ဆောင်ရွက်လျက်ရှိသည့် နေရာတစ်ခုဖြစ်**




### ၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းသို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Amur ပြည်နယ် Blagoveshchensk မြို့ Ignatyevo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ထွက်ခွာရာ ဗလာဒီဗော့စတော့ခ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Stegniy Daria နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရုရှားနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်း State Space Corporation "Roscosmos"၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Yuri Borisov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

## ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Blagoveshchensk မြို့ Ignatyevo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ Amur ပြည်နယ် အစိုးရအဖွဲ့အကြီးအကဲ Mr. Vasilii Orlov နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး ၎င်းမှတစ်ဆင့် Vostochny Cosmodrome အာကာသယာဉ် လွှတ်တင်ရေးစခန်းသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြသည်။

ယင်းနောက် Vostochny Cosmodrome အာကာသယာဉ် လွှတ်တင်ရေးစခန်းသို့ ရောက်ရှိခဲ့ရာတွင် ရုရှားနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်း State Space Corporation "Roscosmos" ၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Yuri Borisov၊ "Roscosmos" အာကာသအေဂျင်စီ၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဦးဆောင်ပညာရှင် Mr. Nikita Perminov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် Angara ဒုံးပျံ ပစ်လွှတ်စင် တည်ဆောက်မှု လုပ်ငန်းခွင်နေရာနှင့် Soyuz-2 ဒုံးပျံပစ်လွှတ်စင် နေရာတို့သို့ ရောက်ရှိကြပြီး နည်းပညာရပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များအား ပြန်လည်မေးမြန်း ဆွေးနွေး ပြောကြားသည်။ ဆက်လက်ပြီး Technical Complex အတွင်းရှိ Rocket တပ်ဆင်ရေးအလုပ်ရုံနှင့် ဂြိုဟ်တုထုတ်လုပ်ရေး အလုပ်ရုံအတွင်း လိုက်လံရှင်းလင်း ပြသကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိတ်ပါဝင်စားစွာဖြင့် အလုပ်ရုံတစ်ခုချင်းစီအလိုက် သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး Rocket တပ်ဆင်ရေးအလုပ်ရုံအတွင်းရှိ Soyuz-2 ဒုံးပျံရှေ့တွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Rocket တပ်ဆင်ရေး အလုပ်ရုံအတွင်းရှိ Soyuz-2 ဒုံးပျံရှေ့တွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။

## စတင်တည်ထောင်ခဲ့

အဆိုပါ Vostochny Cosmodrome အာကာသယာဉ် လွှတ်တင်ရေးစခန်းကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ပထမဆုံး အာကာသယာဉ်ကို စတင်လွှတ်တင်နိုင်ခဲ့ပြီး စတင်တည်ထောင်ချိန်မှ ယနေ့အထိ အာကာသယာဉ် ၁၁ စင်းကို လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Engineering-technical building(GP-5) သို့ ရောက်ရှိကြပြီး ရုရှားနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်း State Space Corporation "Roscosmos"၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Yuri Borisov နှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေ့အကြုံများ၊ အကြံပြုချက်များ၊ နည်းပညာဆိုင်ရာများနှင့် လူသားအရင်းအမြစ်မွေးထုတ်ရေးဆိုင်ရာတို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံ

**စာမျက်နှာ ၆ သို့ »»»**

»»» စာမျက်နှာ ၅ မှ

နည်းပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**ဆက်လက်ထွက်ခွာ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Amur ပြည်နယ် Blagoveshchensk မြို့ Ignat-yevo အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Buryatia ပြည်နယ် Ulan-Ude မြို့ Baikal လေဆိပ်သို့ ဆက်လက်ထွက်ခွာကြရာ Amur ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr. Vasilii Orlov နှင့် အဖွဲ့ဝင်များက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## ကြည့်ရှုလေ့လာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းအတွင်း ကြည့်ရှုလေ့လာစဉ်။

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့်သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန်တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အလုံမြို့နယ်တွင် အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုအရ မြို့နယ်အတွင်းရှိပြည်သူများ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် သစ်တောရပ်ကွက် စည်ပင်ကွန်တိန်နာဝင်း၌ ရောင်းချပေးခဲ့သည်။



ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သစ်တောရပ်ကွက်ဥက္ကဋ္ဌနှင့် ရာအိမ်မှူးများ ပူးပေါင်း၍ အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်၊ ဆီငါးဆယ်သား၊ ကြက်ဥဆယ်လုံးတို့ကို ငွေကျပ်ခြောက်ထောင်ဖြင့် ရောင်းချပေးသည်။

ထိုသို့ရောင်းချရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းထွန်း၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးဌေးကြွယ်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်မောင်(လှျပ်စစ်)**

## ကဝမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ကွင်းဆင်းဆောင်ရွက်

**ကဝ စက်တင်ဘာ ၉**

ကဝမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ မြို့နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်လလျှင် ကျေးရွာ ၁၀ ရွာအား ရွေးချယ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက သံဒင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးစစ်ကြောင်း၊ အုပ်ချုပ်ရေးစစ်ကြောင်း၊ လူမှုရေးစစ်ကြောင်း၊ စည်းရုံးရေးစစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးစစ်ကြောင်း စသည့် စစ်ကြောင်းကြီး ငါးကြောင်းမှ အဖွဲ့ခေါင်းဆောင်များဦးဆောင်ကာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာပြည်သူ့လုံခြုံရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုအကျိုးပြုလုပ်ငန်းများ အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ရေး ချပြရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းနောက် လူမှုရေးစစ်ကြောင်းမှ တာဝန်ရှိသူများက ကျေးရွာနေကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် လိုအပ်ချက်များရှိက ဖြည့်ဆည်းပေးနိုင်ရေး စာသင်ကျောင်းများသို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးစစ်ကြောင်းမှ တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခြင်း၊ နေဗီယာမြက်စိုက်ပျိုးနည်း၊ ဘက်စုံသုံးဆပ်ပြာဆီပြုလုပ်နည်းတို့အား လက်တွေ့သရုပ်ပြသင်ကြားခြင်း၊ ဆပ်ပြာဆီဘူးများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီဘူးများ ရောင်းချခဲ့ကြောင်း သိရသည်။

**သန်းသန်းဝင်း(ပြန်/ဆက်)**



## လေးမျက်နှာမြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေးဇုန်(၂)အတွင်း ငါးမျိုးစိုက်ထည့်

**လေးမျက်နှာ စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယအကြိမ် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီက ရှမ်းရွာကျေးရွာအုပ်စု ဇင်ပြွန်းကုန်းကျေးရွာ ငါးသယံဇာတထိန်းသိမ်းရေးဇုန်(၂)တွင် ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးပိုင်၊ လေးမျက်နှာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်လွဲလွဲအောင်နှင့် ဝန်ထမ်းများ တက်ရောက်ပြီး ငါးမြစ်ချင်းအကောင်ရေ သုံးသိန်းအား သဘာဝရေပြင်အတွင်းသို့လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန၏ (ဒုတိယအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ ရတနာတန်းဝင် ကျွန်းပင် ၁၀၀၀ စိုက်ပျိုး



**နေပြည်တော်  စက်တင်ဘာ ၉**

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် (ဒုတိယအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မျုးရုံးရှေ့ယာဉ်၌ ကျင်းပခဲ့ပြီး ရတနာတန်းဝင် ကျွန်းပင် ၁၀၀၀ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်နှင့်ဇနီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်စိုက်ပျိုးပေးခဲ့ကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ (ပထမအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း၊ မဟော်ဂနီ၊ ပိတောက်၊ သင်းဝင်၊ ခရေ၊ အရိပ်ရလေကာ မန်ကျည်းပင်များ စသည့် အပင်စုစုပေါင်း ၁၁၂၀ ကို စိုက်ပျိုးခဲ့ကြောင်း၊ (ဒုတိယအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း၊ ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် ဒေသအနှံ့ရုံးဌာနအားလုံးတွင် ယနေ့အထိ ရတနာတန်းဝင်အပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များ စုစုပေါင်း ၁၅၇၅၃၇ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ပြီး သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲက ခန့်အပ်လွှာ လာရောက်ပေးအပ်

**နေပြည်တော်  စက်တင်ဘာ ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration– IOM)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ (Chief of Mission) အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Dragan Aleksoski က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို ပေးအပ်ခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် ပန်းခင်းစီမံချက် ရာနှုန်းပြည့်ပြီးစီး





**နေပြည်တော်  စက်တင်ဘာ ၉**

ပန်းခင်းစီမံချက်နှင့် ပန်းခင်းစီမံချက် အဆင့်(၂) အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြို့နယ်ဦးစီးမှူးရုံးအသီးသီးရှိ နိုင်ငံသားကတ်ပြားထုတ်ပေးခြင်း၊ မှတ်ပုံတင်စာအုပ် (နိုင်-၄) အခြေအနေများနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ပါ အချက်အလက်များအား သက်ဆိုင်ရာဒေသများမှ ကွန်ပျူတာများဖြင့် ဖြည့်သွင်းကာ နေပြည်တော်ရုံးချုပ်ရှိ Server သို့ အွန်လိုင်းစနစ်ဖြင့် ပေးပို့ထိန်းသိမ်းထားရှိမှု၊ မဲဆန္ဒရှင်စာရင်း မှန်ကန်စေရေးအတွက် ရွေးကောက်ပွဲကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အောင်မြင်ပြီးစီးနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ရှင်းလင်းဆွေးနွေးမည့် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြောကြားသည်။

**ထည့်သွင်းပြောကြား**

ယနေ့နံနက်၉နာရီခွဲတွင်နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပန်းခင်းစီမံချက်(၁/၂)နှင့် မဲစာရင်းမှန်ကန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားအားလုံး ၎င်းတို့၏ နိုင်ငံသားဖြစ်မှုအရည်အချင်းအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်ရေးဆွဲကာ နိုင်ငံတစ်ဝန်း နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပန်းခင်းစီမံချက်ကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လတာကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေပမာဏ ၃ ဒသမ ၄ သန်းကျော်ကို ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး လျာထားဆောင်ရွက်ခဲ့ရာ ယခုအခါ တိုင်းဒေသကြီး/ ပြည်နယ် ကိုးခုတွင် ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း၊ မြို့နယ်အချို့တွင်သာ လုံခြုံရေးအခြေအနေကန့်သတ်ချက်များကြောင့် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အတွက် ရာနှုန်းပြည့်ပြီးစီးရန် အနည်းငယ်သာ ကျန်ရှိနေခြင်း ဖြစ်ကြောင်း၊ ယခင်လျာထားသတ်မှတ်ချက်တွင် မပါဝင်သည့် ပြည်ပရောက် မိမိနိုင်ငံသားများသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြည်ပနိုင်ငံအသီးသီးမှ မိမိတို့နိုင်ငံအတွင်း အလုံးအရင်းဖြင့် ပြန်လည်ဝင်ရောက်လာခြင်း၊ ကျူးကျော်အိမ်ရာများတွင် နေထိုင်သည့် အသက် ၁၆ နှစ်နှင့်အထက် အထောက်အထားမရှိသူများ စာရင်းကောက်ယူခြင်းတို့ကြောင့် နိုင်ငံသားကတ်ပြားမရှိသေးသူများ ကျန်ရှိသေးသည့်အတွက် ပန်းခင်းစီမံချက် အဆင့်(၂) အဖြစ်သတ်မှတ်ကာ ယင်းကာလအတွင်း ၁၈ နှစ်ပြည့်လာမည့် လူဦးရေကို ခန့်မှန်းတွက်ချက်၍ လူဦးရေ ၁ ဒသမ ၇ သန်းကျော်ကို နိုင်ငံသားကတ်ပြား ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ယင်းအချက်အလက်များကို တိုက်ဆိုင်စစ်ဆေးရာတွင် နိုင်ငံသားကတ်နံပါတ် လွဲမှားမှုများ၊ အချက်အလက်မပြည့်စုံသူများ၊ နိုင်ငံသားကတ်ပြားအမှတ်တစ်ခုကို လူတစ်ဦးထက်ပိုမိုကိုင်ဆောင်ခြင်းများ၊ လူတစ်ဦး (သို့မဟုတ်) အိမ်ထောင်စုတစ်ခုသည် တစ်နေရာထက် ပိုမိုနေထိုင်သည့် အချက်အလက်များစသည်ဖြင့် စိစစ်တွေ့ရှိရကြောင်း၊ ယင်းဖြစ်စဉ်များအား ဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပြီး အချက်အလက် မပြည့်စုံသူများအား ရနိုင်သမျှနည်းလမ်းများဖြင့် ဖြည့်သွင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ (နိုင်-၄) မှတ်တမ်းနှင့် ပုံစံ (၆၆/၆) အချက်အလက်များကို လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ပြီး အချက်အလက်များ မှန်ကန်စွာ ဖြည့်သွင်းပြီးစီးပါက ယင်းစာရင်းများကိုအခြေခံကာ မှန်ကန်သောမဲစာရင်းများကို ပြုစုရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေးတင်ပြ**

ထို့နောက် သက်ဆိုင်ရာနယ်မြေအသီးသီးမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများက ပန်းခင်းစီမံချက် အဆင့် (၁) နှင့် (၂) တို့ကို သတ်မှတ်ကာလအတွင်း လျာထားချက်ပြည့်မီပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ မဲစာရင်းမှန်ကန်ရေးအတွက် ဆက်စပ်ဌာန အဖွဲ့အစည်းများဖြင့် ပူးပေါင်းကာ မိမိဌာန စာရင်းဇယားများနှင့် မြေပြင်ကွင်းဆင်းတိုက်ဆိုင် စစ်ဆေးဆောင်ရွက်မည့် အစီအစဉ်များ၊ လက်ရှိဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍအလိုက် လိုအပ်သည်များကို ဖြည့်စွက်တင်ပြကြပြီး ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်တို့က တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် အားနည်းချက်၊ အားသာချက်များ၊ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို သုံးသပ်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကျိုင်းတုံမြို့နယ် ကတ်ထိုက်-လွယ်ပန်တောင်း-အင်ဂိုလုံ ၃၃ မိုင် ၅ ဖာလုံ လမ်းပေါ်တွင် ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့်အတူ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ လွယ်မွေကျေးရွာအုပ်စု ပန်ကွဲကျေးရွာရှိ ဗုဒ္ဓဥယျာဉ်တော်အတက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ဗုဒ္ဓဥယျာဉ်အတွင်း ဆေးပေးခန်းဆောက်လုပ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လွယ်မွေမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြား၍ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း (လွယ်မွေ)သို့ ရောက်ရှိခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများကို တွေ့ဆုံ၍ ကျောင်းအတွက် သင်ထောက်ကူပစ္စည်းများနှင့် အဆောက်အအုံလိုအပ်ချက်များအပေါ် မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမတွင် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ) မှ ဝန်ထမ်းများ၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေ၊ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ စာရေးကိရိယာများ၊ အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် သင်တန်းကျောင်းဝင်းများအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ထားသော ကျိုင်းတုံမြို့နယ် နမ့်ခင်ချောင်း ဝဲ/ယာတွင် နေရောင်ခြည်သုံး ဆိုလာရေတင်စနစ်ဖြင့် ချောင်းရေတင်ခြင်းလုပ်ငန်းအား သွားရောက်ကြည့်ရှုလေ့လာသည်။ ယင်းနောက် မိုင်းခတ်မြို့ ဝမ်ခုတ်ကျေးရွာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ပြီးစီးခဲ့သည့် နမ့်လွေချောင်းမှ ဆိုလာစနစ်ဖြင့် ချောင်းရေတင်စိုက်ပျိုးရေးလုပ်ငန်း (Pilot Project) ဖြင့် သီးထပ်သီးညှပ်များ တိုးချဲ့စိုက်ပျိုးနိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းခတ်-မိုင်းညှင်းလမ်းပိုင်း ၂၂/၀ မိုင်အား ကြည့်ရှုစစ်ဆေးခဲ့ပြီး ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် မိုင်းခတ်မြို့နယ် ဖာလံကော်ကျေးရွာအုပ်စု တောင်သုံးလုံးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ထားသော ဆိုလာစနစ်ဖြင့် ချောင်းရေတင်စိုက်ပျိုးရေးလုပ်ငန်းအား သွားရောက်လေ့လာကြည့်ရှုပြီး တောင်သူများအား သီးထပ်သီးညှပ်များ စဉ်ဆက်မပြတ် စိုက်ပျိုး၍ လူမှုစီးပွားဘဝတိုးတက်အောင် ဆောင်ရွက်ကြရေး တိုက်တွန်းအားပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၁-၂၀၂၂(၆) လ ဘဏ္ဍာကာလ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု မက်ကျန်း- တုံကွမ်ရွာတွင်းလမ်း ပေ ၂၃၁၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် နမ့်အောချောင်း ၂၅ ပေ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဒေသခံတိုင်းရင်းသားပြည်သူများက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ဆန်နှင့် ဆီများ လှူဒါန်းထောက်ပံ့ခဲ့ကြသည်။ ဆက်လက်၍ ကတ်ထိုက်ကျေးရွာအုပ်စု ကတ်ထိုက်-လွယ်ပန်တောင်း-အင်ဂိုလုံလမ်း ၃၃ မိုင် ၅ ဖာလုံပေါ်တွင် ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပုဗ္ဗသီရိမြို့နယ် သမဝါယမအသင်းပိုင် ဆီစက်လုပ်ငန်းနှင့် တံမြက်စည်းထုတ်လုပ်ရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၉**



နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာအုပ်စုရှိ ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းပိုင် ဆီကြိတ်ခွဲစက်ကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ဆီစက်တည်ဆောက်ရေးအတွက် ပံ့ပိုးပေးမှုအခြေအနေများနှင့် ဖြူတ်ခွဲကျေးရွာအုပ်စု ကျေးရွာ ကိုးရွာရှိ အသင်းသား တောင်သူများ၏ စိုက်ဧက ၆၈ ဧကမှ ထွက်ရှိသော ဆီထွက်သီးနှံများ ကြိတ်ခွဲပေးနေမှုအခြေအနေများအားလည်းကောင်း၊ အသင်းဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ကျေးရွာအုပ်စုအတွင်း မြေပဲ၊ နေကြာ၊ နှမ်း စသည့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်နှင့် အခြားကျေးရွာအုပ်စုများကပါ လာရောက်ကြိတ်ခွဲနိုင်ရေး အသိပေးဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်နေသော ညောင်ပင်သာကျေးရွာအုပ်စု ထောက်ရှာပင်ကျေးရွာ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းသို့ ရောက်ရှိခဲ့ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လည်းကောင်း၊ ဒေသခံများက ဖွံ့ဖြိုးရေးလိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသော ကျွန်းဦးကျေးရွာအုပ်စု မအူပင်ကျေးရွာ ကုန်ထုတ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းသို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သနပွင်ဆိပ်အုပ်စု သနပွင်ဆိပ်အနောက်ကျေးရွာ၌ အသင်းသား ၇၂ ဦးဖြင့် တံမြက်စည်းထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေသော ကျောက်စိမ်းဝေ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး စက်တင်ဘာ ၉**

လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ ပဲခူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့နယ် ရှမ်းရွာကြီးကျေးရွာသို့ ကွင်းဆင်း၍ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာနေပြည်သူများအား တွေ့ဆုံဆွေးနွေးသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာပြည်သူများအား မိသားစုဝင်ငွေ တိုးတက်ရရှိရေးအတွက် ဒေသကြက်(တိုင်းရင်းကြက်)အား စီးပွားဖြစ်မွေးမြူရေး စည်းရုံးဆွေးနွေးခြင်း၊ ကြက်ဥသားဖောက်စက်ဖြင့် ကြက်ဥသားဖောက်နည်း၊ သီးပင်စားပင် ကိုင်းကူးကိုင်းဆက်နည်း၊ ကျွဲ/နွားအစာအတွက် နေဗီယာမြက် စိုက်ပျိုးနည်းတို့အား လက်တွေ့ပြသ သင်ကြားပေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာ ရောင်းချနေသည့် ဆန်များအား ကျေးရွာပြည်သူများသို့ တစ်ပါတည်းရောင်းချပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဒေသခံပြည်သူအင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ပြီး ကျေးရွာနေပြည်သူများအတွက် အိမ်ထောင်စုစာရင်း ၂၅ ခု၊ နိုင်ငံသားစိစစ်ရေးကတ် ၈၈ ခု ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးရွာပြည်သူနှင့် ကျောင်းသား ကျောင်းသူ ၃၈၅ ဦးတို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။ ခရိုင်( ပြန်/ဆက်)

# နိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ပြည်သူလူထုသိရှိအောင် ဆောင်ရွက်ပေးရန်နှင့် သတင်းတု၊ သတင်းယောင်၊ သတင်းမှားများကိုလည်း နည်းလမ်းပေါင်းစုံဖြင့် တိုက်ဖျက်ကြရန်လိုအပ်

နေပြည်တော် စက်တင်ဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးရုံး၊ ခရိုင်နှင့် မြို့နယ်တို့မှ ဝန်ထမ်းများ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်(မန္တလေး) မှ ဝန်ထမ်းများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)မှ ဝန်ထမ်းများနှင့် မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ(မန္တလေး)မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ မိမိတို့ ဝန်ကြီးဌာနသည် မီဒီယာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသည်ဖြစ်၍ လုပ်ငန်းအားလုံးကို လေးလေးနက်နက် ခံယူဆောင်ရွက်ကြစေလိုကြောင်း၊ တစ်နည်းအားဖြင့် သာမန်လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကိုသာ ဆောင်ရွက်ရခြင်းမဟုတ်ဘဲ အခြေအနေ၊ အချိန်အခါအရ ပြောင်းလဲဆောင်ရွက်ရသည်များ ရှိသည့်အတွက် အရာရာကို သာမန်အဆင့်သာ တွေးတောလုပ်ကိုင်ခြင်း မပြုလုပ်ကြရန် သတိပြုစေလိုကြောင်း၊ မီဒီယာလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုသည် လွန်စွာကျယ်ပြန့်ကြီးမားသည့်အတွက် ကျွမ်းကျင်မှုရှိအောင် ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ စိတ်ဓာတ်၊ ခံယူချက်ကောင်းစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထို့ပြင် နိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ပြည်သူလူထုသိရှိအောင် ဆောင်ရွက်ပေးရန်နှင့် သတင်းတု၊ သတင်းယောင်၊ သတင်းမှားများကိုလည်း နည်းလမ်းပေါင်းစုံဖြင့် တိုက်ဖျက်ကြရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် မိမိတို့၏ အရည်အချင်းကို မြှင့်တင်ရမည်ဖြစ်သကဲ့သို့ မိမိတို့ တတ်မြောက်သည်များကို အခြားဝန်ထမ်းများသို့ လက်ဆင့်ကမ်းမျှဝေပေးကြရန် လိုအပ်ကြောင်း၊ ပြည်သူများ၏ လိုလားချက်၊ ဆန္ဒများကိုသိရှိနေရန် လူထုသဘောထားအမြင်များကိုလည်း အမြဲလေ့လာဆောင်ရွက်နေရန်နှင့်




ကောင်းမွန်သည့် လူထုသဘောထားအမြင်များ ဖြစ်ပေါ်လာစေရန် ပြည်သူ့ဆက်ဆံရေးနည်းလမ်းများဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဌာနအလိုက်ဝန်ထမ်းများအတွက် လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)ပုံနှိပ်စက်ခန်း၊ CTP ခန်းနှင့် ကြော်ငြာဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။

**သတင်းစဉ်**

---

# ပုသိမ်မြို့ရှိ လောကနန္ဒာဘုရား ကမ်းပါးအောက်ခြေ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ်စနစ် (SEA-ME-WE-5) ၏ Cable Landing Station ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၉

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ လောကနန္ဒာဘုရား ကမ်းပါးအောက်ခြေ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ်စနစ်(SEA–ME–WE–5)၏ Cable Landing Station တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

## ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နံနက်ပိုင်းတွင် ပုသိမ်မြို့အနီး ငဝန်မြစ်ရေတိုက်စားမှုမှ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လောကနန္ဒာဘုရား ကမ်းပါးအောက်ခြေတွင် ကမ်းပြိုမှုကာကွယ်ရေး ဆောင်ရွက်ထားရှိမှု၊ ကမ်းပြိုကာကွယ်ရေးထိန်းသိမ်းနိုင်ရန် ဘုရား၏အထက်ဘက်မှ သောင်တူးဖော်ရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်ထားရှိမှုကို အသေးစိတ်ရှင်းလင်းတင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက ရေတိုက်စားမှုဖြစ်ပေါ်သည့် ကမ်းပါးနေရာများ တည်တံ့အောင် စနစ်တကျ စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ဆောင်ရွက်ရန်၊



ရေတိုက်စားမှု ထပ်မံမဖြစ်ပွားစေရေး၊ လိုအပ်သည့်နေရာများတွင် သောင်တူးဖော်ရေးလုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ ဝဲဒေါင့်ဆိပ်ကမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆိပ်ခံတံတားနေရာသို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တံတားပြုပြင်မွမ်းမံရေး ဆောင်ရွက်ရန် အခြေအနေများ၊ တံတားအနီး သောင်တူးဖော်ရေး ဆောင်ရွက်သင့်သည့် အခြေအနေများကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ်စနစ် (SEA–ME–WE–5) ၏ Cable Landing Station သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေအောက်ကေဘယ်လ်စနစ်နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်နေစေရေး၊ ပင်လယ်ရေအောက်နှင့် ကုန်းပေါ်တွင် ဆက်ကြောင်းပြတ်တောက်ပါက အချိန်တိုအတွင်း သိရှိစေရေးနှင့် အမြန်ဆုံးပြုပြင်နိုင်ရေး စီမံဆောင်ရွက်ထားရန် မှာကြားသည်။

## ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အစည်းအဝေးခန်းမတွင် ပုသိမ်မြို့၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများကို တွေ့ဆုံရာ တိုင်းဒေသကြီးအဆင့် တာဝန်ခံအရာရှိများက ဌာန၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဘဏ္ဍာငွေရှာဖွေနိုင်မှုနှင့် သုံးစွဲမှု၊ ဝန်ထမ်းသက်သာချောင်ချိရေး ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မိမိဌာနအလိုက် ရည်မှန်းချက်၊ လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်ရည်မြှင့်မားရေးကို အလေးထားဆောင်ရွက်ရေး၊ လက်ရှိအခြေအနေ အချိန်အခါနှင့် ကိုက်ညီသော လုပ်ငန်းအစီအမံများကို ပြန်လည်သုံးသပ်၍ လုပ်ငန်းများတိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်ရေးနှင့် ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး၊ ဝန်ထမ်းများ လုံခြုံရေးအသိ/သတိရှိရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးအစီအမံများကို ရေးဆွဲချမှတ်လေ့ကျင့်ဆောင်ရွက်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသော SOP နှင့်အညီ လိုက်နာရေး ရုံးဌာနများတွင် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကျပ် သုံးဘီလီယံနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းအစည်းအဝေး ကျင်းပ



နေပြည်တော် စက်တင်ဘာ ၉

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကျပ် သုံးဘီလီယံနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၂)၌ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကျပ် သုံးဘီလီယံကို အရင်းမပျောက်စေဘဲ မသန်စွမ်းသူများအတွက် အကျိုးရှိသည့် လုပ်ငန်းများ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြောင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက် မတည်ရန်ပုံငွေကျပ် သုံးဘီလီယံကို အလေအလွင့်မရှိစေဘဲ စနစ်တကျ တိုးပွားစေရေး၊ မသန်စွမ်းသူများကို ထိထိရောက်ရောက် ထောက်ပံ့ပေးနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုပုံစံ၊ ချေးငွေထုတ်ချေးရေးကော်မတီ ချေးငွေကြီးကြပ်ရေးအဖွဲ့နှင့် ချေးငွေစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရေးနှင့် ဘဏ္ဍာရေးစည်းမျဉ်း ရေးဆွဲဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ဌာနဆိုင်ရာ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့)အခမ်းအနားများ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၉**

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ခုနှစ် တော်သလင်းလပြည့်နေ့ အရဏ်ဆွမ်းတော်ကြီး လှူဒါန်းပွဲနှင့် ဂရုဓမ္မအခါတော်နေ့ အခမ်းအနားကို ယနေ့ နံနက် ၆ နာရီတွင် စေတီတော်ရင်ပြင်တောင်ဘက်မုခ်ရှိ ရှေးဟောင်းရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ရွှေတိဂုံစေတီတော် ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

**အခမ်းအနားကို ဖွင့်လှစ်**

ထို့နောက် တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခြင်း၊ “စိန်ရောင်ခြည်” ဘုရားပင့်ဂါထာတော်ဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊ ကုသိုလ်တော်အတူပြုရန် နတ်ဗြဟ္မာများကိုဖိတ်ကြားခြင်း၊ “မြတ်ဘုရား ရွှေတိဂုံ” ဂါထာတော်ဖြင့် စေတီတော်မြတ်ကြီးကို ရှိခိုးပူဇော်ခြင်း၊ ပရိသတ်အပေါင်းတို့က နဝင်္ဂသီလ ခံယူဆောက်တည်ခြင်း၊ ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်များ ရွတ်ပွားပူဇော်ခြင်းနှင့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဝန္ဒနာရှိခိုးခြင်း၊ ဂရုဓမ္မအခါတော်နေ့ဆိုင်ရာ အမေးအဖြေများ ပြုလုပ်ခြင်း၊ ဂရုဓမ္မ ငါးပါးသီလအကျိုးအပြစ်လင်္ကာများ ရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းအမျှဝေသာစုခေါ်ဆိုခြင်း၊ ကုသိုလ်တော်အတူပြုရန် ပင့်ဖိတ်ထားသော နတ်ဗြဟ္မာများကို ပြန်လည်ပို့ဆောင်ခြင်း၊ ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခြင်းတို့ ပြုလုပ်ဆောင်ရွက်ကြသည်။

ယင်းနောက် ဝါတွင်းကာလ သီလခံယူပွဲကို ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တဇာဂရ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မြသိန်းတန်ကျောင်းတိုက်ဆရာတော်ထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများက ပါဝင်ကုသိုလ်ပြုကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တွင် ယနေ့နံနက်ပိုင်းမှ စတင်၍ စေတီတော်အာရုံခံတန်ဆောင်းအပေါ်ထပ်တွင် ဂရုဓမ္မအခါတော်နေ့ အခမ်းအနားကို ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အဖွဲ့များနှင့် ဒါယကာပရိသတ်များက စေတီတော် ဩဝါဒါစရိယအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောသလ္လထံမှ ဂရုဓမ္မသီလဖြစ်သော ကိုးပါးသီလကို ခံယူဆောက်တည်ကြကာ၊ ဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များနှင့် ဒါယကာပရိသတ်များက ဆရာတော်ဟောကြားတော်မူအပ်သော ဂရုဓမ္မတရားတော်နှင့် ရေစက်ချအနုမောဒနာတရားများကို နာကြားကာ ပြုပြုသမျှ ကုသိုလ်အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

မွန်းလွဲပိုင်းတွင် ဂရုဓမ္မအခါတော်နေ့(ဒုတိယပိုင်း) အစီအစဉ်ကို ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အဖွဲ့ဝင်များသည်ဂရုဓမ္မအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာအစီအစဉ်ကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

မြတ်စွာဘုရားနှင့် အဂ္ဂသာဝကကြီး နှစ်ဆူဖြစ်တော်မူသော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်အရှင်မြတ်ကြီးနှစ်ပါးတို့အား ပင့်လျှောက်ကာ ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ကြပြီး ဂရုဓမ္မသီလဖြစ်သော ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက ဂရုဓမ္မအခါတော်နေ့ ကျင်းပရခြင်းအကြောင်း မင်္ဂလာထောမနာစကားပြောကြားကာ ဂရုဓမ္မဇာတ်ပါဠိတော်နှင့် မဟာဓမ္မပါလဇာတ်ပါဠိတော်တို့ကို စုပေါင်းရွတ်ဆိုကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ဂရုဓမ္မအခါတော်နေ့ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးတို့ကို စိတ်ကောင်းစေတနာအပြည့်ဖြင့် စွမ်းစွမ်းတမံ ကြိုးစားအားထုတ်

**နေပြည်တော် စက်တင်ဘာ ၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ဦးစီးအရာရှိများ လုပ်ငန်းခွင်ဝင် အကြိုသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပေါင်းလောင်း)၌ ကိုဗစ်-၁၉ ကာကွယ်ရေး နည်းစနစ်များနှင့်အညီ ကျင်းပသည်။

သင်တန်းသားများအနေဖြင့် သင်တန်းဆင်းပြီး မိမိတို့တာဝန်ကျသည့် လုပ်ငန်းခွင်အသီးသီးသို့ ရောက်ရှိသည့်အခါ သင်တန်းမှရရှိခဲ့သော အတွေ့အကြုံ၊ အသိပညာ၊ ဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိအသုံးချပြီး လုပ်ငန်းတာဝန်များကို တက်ကြွစွာဆောင်ရွက်ကြရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာပြီး လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် လုံခြုံရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ အင်ဂျင်နီယာကောင်းများဖြစ်အောင် ကြိုးစားကြပြီး အသစ်အသစ်သောနည်းပညာရပ်များကိုလည်း ဆက်လက်ဆင့်ပွားဆည်းပူးသွားကြရန်၊ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးတို့ကို စိတ်ကောင်းစေတနာအပြည့်ဖြင့် စွမ်းစွမ်းတမံကြိုးစားအားထုတ်ကြရန်၊ ပေးအပ်လာသည့် တာဝန်ကို ဝန်ထမ်းကောင်းတစ်ယောက်အဖြစ် ခံယူချက်ထားပြီး အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တာဝန်ယူ၊ တာဝန်ခံနိုင်သည့်သူများဖြစ်စေရေး နေထိုင်ကျင့်ကြံသွားကြရန်၊ နိုင်ငံတော်အတွက်၊ ဝန်ကြီးဌာနအတွက်၊ မိမိလုပ်ငန်းခွင်အတွက် အားကိုးအားထားရသည့် သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသော ဝန်ထမ်းကောင်း၊ အင်ဂျင်နီယာကောင်းများဖြစ်အောင် စွမ်းစွမ်းတမံကြိုးစားအားထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက သင်တန်းနည်းပြများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းတွင် ထူးချွန်ဆုရရှိသူများကိုလည်းကောင်း၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများထံ ပေးအပ်ခဲ့ပြီး ထူးချွန်ဆုရရှိသူများက သင်တန်းတွင် လေ့လာခဲ့သည်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဆက်လက်လေ့လာရန် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝန်ထမ်းမိသားစုတိုင်း အာဟာရပြည့်ဝဖူလုံစွာစားသုံးနိုင်ရေးအတွက် ဌာနပိုင်ခြံများ၊ စိုက်ခင်းများမှထွက်ရှိသော ဟင်းသီးဟင်းရွက်၊ သားငါးများ ဈေးနှုန်းသက်သာစွာရောင်းချပေး

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိပြီး အာဟာရပြည့်ဝလတ်ဆတ်သော သား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ဝန်ထမ်းမိသားစုတိုင်း ဖူလုံစွာစားသုံးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ညနေပိုင်း ရုံးဆင်းချိန်တွင် ဌာနပိုင်ခြံများ၊ စိုက်ခင်းများမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များ၊ သား ငါးများ၊ အာဟာရဖြည့် နွားနို့နှင့် ကြက်ဥများကို ဈေးနှုန်းသက်သာစွာရောင်းချပေးခဲ့ကြောင်း သိရသည်။

နေပြည်တော် မြို့မဈေးအနီးရှိ အအေးခန်းစက်ရုံနှင့် အသစ်ဖွင့်လှစ်ပေးမည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန် လက်လီလက်ကား အရောင်းဆိုင်နေရာတို့၌လည်း စက်တင်ဘာ ၁၀ ရက် စနေနေ့မှ စတင်၍ ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ ပုဂ္ဂလိကခြံများ လက်လီလက္ကားရောင်းချနိုင်ရန် အခွန်လွတ်ဈေးအဖြစ် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းအိမ်ရာများနှင့် ရုံးဌာနများတွင်လည်း ဈေးကားများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ နေပြည်တော် ပုဗ္ဗသီရိဈေးအနီးရှိ စိုက်ပျိုးရေးထွက်ကုန် ဈေးကွက်ဗဟိုဌာန အအေးခန်းသိုလှောင်ရုံဝင်းအတွင်း၌လည်း ဒေသခံစိုက်ပျိုးမွေးမြူသူများ လက်လီလက်ကား ရောင်းချနိုင်သည့် အခွန်လွတ်ဈေးတန်းတစ်ခု ဖော်ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များအတွက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း

၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားသူများအနက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက်နှင့်နေရာများကို ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page, Website၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website၊ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာန Website၊ လျှောက်လွှာလက်ခံသော တက္ကသိုလ် ၂၆ ခုတို့တွင် ကြေညာထားပြီးဖြစ်ပါ၍ ကြေညာချက်ပါ အချက်အလက်များကို သေချာစွာဖတ်ရှုပြီး ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ လာရောက်ဖြေဆိုရန် ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| ဖြေဆိုရမည့်ခုံအမှတ် | ဖြေဆိုရမည့်နေ့ရက် | ဖြေဆိုရမည့်နေရာ |
|---|---|---|
| ခုံအမှတ်(၁)မှ(၁၅၀)ထိ | ၁၂-၉-၂၀၂၂ | သားဖွားသင်တန်းကျောင်း နေပြည်တော် |
| ခုံအမှတ်(၁၅၁)မှ(၃၀၀)ထိ | ၁၃-၉-၂၀၂၂ | |
| ခုံအမှတ်(၃၀၁)မှ(၄၅၀)ထိ | ၁၄-၉-၂၀၂၂ | |
| ခုံအမှတ်(၄၅၁)မှ(၆၀၀)ထိ | ၁၅-၉-၂၀၂၂ | |
| ခုံအမှတ်(၆၀၁)မှ(၇၅၀)ထိ | ၁၆-၉-၂၀၂၂ | |
| ခုံအမှတ်(၇၅၁)မှ(၉၀၀)ထိ | ၁၉-၉-၂၀၂၂ | |
| ခုံအမှတ်(၉၀၁)မှ(၁၀၅၀)ထိ | ၂၀-၉-၂၀၂၂ | |
| ခုံအမှတ်(၁၀၅၁)မှ(၁၂၀၀)ထိ | ၂၁-၉-၂၀၂၂ | |
| ခုံအမှတ်(၁၂၀၁)မှ(၁၃၃၅)ထိ | ၂၂-၉-၂၀၂၂ | |

ကျန်းမာရေးဝန်ကြီးဌာန
(၉-၉-၂၀၂၂)




# စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဆွမ်းဦးပုညရှင် တောင်အဆင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

**မုံရွာ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက ၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး ဝါသနာရှင် ကျား-မ အကဘာသာရပ်တွင် (ပထမ-ဒုတိယ)ဆုရရှိကြသော အနုပညာရှင်များကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်မြင့်မြင့်အောင်က အဆင့်မြင့်ပညာနှင့် ၁၀-၁၅ အကပြိုင်ပွဲများတွင် ဆုရရှိကြသူများကို လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်မှတ်ကို လည်းကောင်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်ထံ ဂုဏ်ပြုလက်မှတ်ပေးအပ်ကာ ဆုရရှိကြသော ပြိုင်ပွဲဝင်အနုပညာရှင်များက အဆို၊အကများဖြင့် ပြန်လည်ဖျော်ဖြေကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အနုပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက ၊အရေး၊ အတီး ပြိုင်ပွဲကို စက်တင်ဘာ ၃ ရက်မှ ၇ ရက်အထိ ယှဉ်ပြိုင်ခဲ့ရာ တိုင်းဒေသကြီးအတွင်းရှိ အဆို၊ အက၊ ဂီတ၊ အနုသုခုမဝါသနာရှင် စုစုပေါင်းပြိုင်ပွဲဝင် ၂၅၁ ဦးက ပြိုင်ပွဲအမျိုးအစား ၂၃ မျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော်ကြီး ရင်ပြင်တော်ပေါ်တွင် ကျင်းပသော ပုညရှင်သာသနာ့ဗိမာန်တော် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်၍ မင်္ဂလာအချိန် ကျရောက်သည်နှင့်တစ်ပြိုင်နက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သတ်မှတ်နေရာများတွင် ပန္နက်တော်တင် မင်္ဂလာပြုလုပ်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ဆွမ်းဦးပုညရှင် နာယက ဆရာတော်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့အား စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာက ပုညရှင်သာသနာ့ ဗိမာန်တော် တည်ဆောက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆွမ်းဦးပုညရှင် တောင်ဆင်းလမ်းကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဆွမ်းဦးပုညရှင် တောင်ဆင်းလမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက ကတ္တရာလမ်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ ဆွမ်းဦးပုညရှင်အဆင်းလမ်း အရှည် ပေ ၁၈၀၀ ၊ အကျယ် ၁၈ ပေ၊ ကတ္တရာလမ်း အမျိုးအစားဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ကတ္တရာ ၁၉ တန်ထောက်ပံ့ကာ အလှူရှင်ထည့်ဝင်ငွေ ၂၀ ဒသမ ၁၀ သန်း စုစုပေါင်းကုန်ကျငွေကျပ် ၄၉ ဒသမ ၈၃ သန်းဖြင့် ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

# ဇလွန်မြို့နယ်၌ ယူရီးယားဓာတ်မြေသြဇာများထောက်ပံ့ပေးအပ် ဆောင်းသီးနှံ(နေကြာ) စိုက်တောင်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**ဇလွန် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ၂၀၂၂ ခုနှစ် နိုင်ငံတော်၏အစီအစဉ်ဖြင့် မိုးစပါးစိုက်ပျိုးသော တောင်သူများအား ဈေးနှုန်းချိုသာစွာဖြန့်ဖြူးပေးသည့် ယူရီးယားဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ခြင်း၊ ဆောင်းသီးနှံ (နေကြာ) စိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသော်ဇင်မောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးတို့က မိုးစပါးစိုက်ပျိုးသောတောင်သူများအား ဓာတ်မြေသြဇာပေးအပ်ရခြင်းနှင့် အသုံးပြုပုံနည်းစနစ်များ၊ ရရှိလာမည့် သီးနှံပိုမိုအထွက်တိုးလာမည့်အကျိုးကျေးဇူးများ၊ ဓာတ်မြေသြဇာခွဲဝေပေးအပ်မှုအပေါ် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများသည် မိုးစပါးစိုက်ဧက ၂၆၀၁ဧက စိုက်သည့်တောင်သူ ၄၄၁ ဦးတို့အား ယူရီးယားဓာတ်မြေသြဇာ ၇၁၅ အိတ်တို့ကို ပေးအပ်ကြကြောင်း သိရသည်။

ဇလွန်(ပြန်/ဆက်)



**ဝါးခယ်မ စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ မြို့နယ် စည်ပင်သာယာရေးကော်မတီမှ မြို့နယ်အတွင်းရှိ ဈေးများ၌ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရေးနေ့အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် ကျုံမငေး မြို့မဈေးတို့၌ ဈေးရောင်းဈေးဝယ် ပြည်သူများအား အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစွမ်းထက်၏ စီမံညွှန်ကြားမှုဖြင့် မြို့နယ် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးမန်းထွန်းမြင့်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးနှင့်ဝန်ထမ်းများ ပူးပေါင်း၍ ပလတ်စတစ်မသုံးစွဲရေး အသိပညာပေးခြင်း၊ ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ “ကမ္ဘာမြေကျန်းမာဖို့ ပလတ်စတစ်ကို ရှောင်ကြဉ်စို့” ဆောင်ပုဒ်နှင့်အညီ ဈေးရောင်းဈေးဝယ်ပြည်သူများအနေဖြင့် အသားငါးများနှင့်ဟင်းသီး၊ ဟင်းရွက်များ၊ အသုံးဆောင်ပစ္စည်းများအား အရောင်း၊ အဝယ်ပြုလုပ်ရာတွင် ပလတ်စတစ်အိတ်အစား ကြာဖက်၊ အင်ဖက်၊ ငှက်ပျောရွက်၊ သတင်းစာစက္ကူများ စသည့် ပစ္စည်းများဖြင့် အစားထိုးသုံးစွဲစေရန် အသိပညာပေးခဲ့ကြောင်း သိရသည်။ မြို့နယ် (ပြန်/ဆက်)

# ဝါးခယ်မမြို့နယ်၌ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့ သတ်မှတ်ဆောင်ရွက်



# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၈၄၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၁ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၉၄) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉၁) ဦးအနက် (၁၆) ဦး၊ (၈.၄) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၁၇၅) ဦး၊ (၉၁.၆) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၂၄,၀၈၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၆,၄၀၁) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၄,၁၂၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၄၂) ဦးရှိပါသည်။ ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှုများပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းအစုလိုက် ကူးစက်မှုများဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျှော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက် သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာနေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက်ရှိသူအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၉-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၆) ဦး | (၈.၄) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၁၇၅) ဦး | (၉၁.၆) % |
| စုစုပေါင်း | (၁၉၁) ဦး | (၁၀၀) % |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၉၅၉၁၆၅ | ၉၂၉၅၁၁၂၄ | ၁၀၇၄၇၈၇ |
| ၂။ | အိန္ဒိယ | ၄၄၄၈၄၇၂၉ | ၄၃၉၀၆၉၇၂ | ၅၂၈၁၂၁ |
| ၃။ | ပြင်သစ် | ၃၄၆၆၃၁၀၆ | ၃၄၁၆၅၄၈၅ | ၁၅၄၄၃၇ |
| ၄။ | ဘရာဇီး | ၃၄၅၄၉၉၁၅ | ၃၃၅၄၆၇၂၆ | ၆၈၄၇၈၄ |
| ၅။ | ဂျာမနီ | ၃၂၄၂၂၀၈၄ | ၃၁၆၃၉၄၀၀ | ၁၄၈၂၁၇ |
| ၆။ | တောင်ကိုရီးယား | ၂၃၉၃၃၉၄၉ | ၂၂၇၂၀၆၄ | ၂၇၃၈၁ |
| ၇။ | ဗြိတိန် | ၂၃၅၅၄၅၁၉ | ၂၃၂၅၇၆၀၈ | ၁၈၉၀၂၆ |
| ၈။ | အီတလီ | ၂၂၀၀၄၆၁၂ | ၂၁၃၁၃၀၈၃ | ၁၇၆၀၉၈ |
| ၉။ | ရုရှား | ၁၉၉၆၀၂၉၅ | ၁၈၉၇၇၆၉၅ | ၃၈၅၁၆၅ |
| ၁၀။ | ဂျပန် | ၁၉၈၈၂၃၉၃ | ၁၈၅၀၁၃၀၁ | ၄၂၁၀၁ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၃၅၄၇၂ | ၁၀၂၇၈၉၇၇ | ၄၃၁၂၆ |
| ၂။ | အင်ဒိုနီးရှား | ၆၃၈၇၉၄၄ | ၆၁၉၄၉၅၃ | ၁၅၇၇၄၁ |
| ၃။ | မလေးရှား | ၄၇၉၉၆၆၃ | ၄၇၃၅၉၉၃ | ၃၆၂၇၀ |
| ၄။ | ထိုင်း | ၄၆၆၅၃၄၇ | ၄၆၁၈၉၃၉ | ၃၂၅၀၆ |
| ၅။ | ဖိလစ်ပိုင် | ၃၉၀၁၀၃၃ | ၃၈၁၄၄၈၄ | ၆၂၂၄၉ |
| ၆။ | စင်ကာပူ | ၁၈၅၄၄၅၅ | ၁၇၇၅၆၂၂ | ၁၆၀၁ |
| ၇။ | မြန်မာ | ၆၁၆၄၀၁ | ၅၉၄၁၂၈ | ၁၉၄၄၂ |
| ၈။ | ဘရူနိုင်း | ၂၂၃၀၅၉ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၄၈၃၅ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၆၉၆ | ၁၃၄၅၅၇ | ၃၀၅၆ |

## ငပုတောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ရေး အသိပညာပေး

ငပုတော စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရေးအတွက် ယနေ့နံနက် ၈ နာရီက လူစည်ကားရာဈေးများ၊ လမ်းများတွင် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်သွားလာရေး အသိပညာပေးပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ကူးစက်မှုကြောင့် မြို့မဈေးအတွင်းတွင် လက်ဆေးဘေစင်များထားရှိမှု၊ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ပညာရေးဌာန၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအသင်းဝင်များ ပူးပေါင်းပြီး ဈေးသူဈေးသားများ၊ ဈေးဝယ်လာသူများအား နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ထားရှိရန်နှင့် တပ်ဆင်ထားခြင်းမရှိသော ဈေးသူဈေးသားများ၊ ဈေးဝယ်လာသူများအား စနစ်တကျတပ်ဆင်ပေးပြီး အသိပညာပေးပြောကြားကာ နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဗြိတိန်နိုင်ငံ၏ နန်းသက်အရှည်ဆုံး ဘုရင်မကြီး အဲလိဇဘက် (၂) သက်တော် ၉၆ နှစ်တွင် ကွယ်လွန်

**လန်ဒန် စက်တင်ဘာ ၉**

သက်တော် ၉၆ နှစ် ရှိပြီဖြစ်သည့် ဗြိတိန်နိုင်ငံ၏ နန်းသက်အရှည်ဆုံး ဘုရင်မကြီး အဲလိဇဘက် (၂) ယမန်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

ဘုရင်မကြီးသည် နွေရာသီကာလများတွင် အများဆုံးနေထိုင်လေ့ရှိသည့် စကော့တလန်ရှိ သူ၏အိမ်တော်ရာ၌ ဆေးကုသမှုခံယူလျက်ရှိစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။

ဘုရင်မကြီးသေဆုံးကြောင်း တာဝန်ရှိသူများက ယမန်နေ့တွင် တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။

ဘုရင်မကြီးသေဆုံးသွားပြီးနောက် သားတော် ချားလ်စ်မင်းသားသည် ထီးနန်းဆက်ခံသူ တတိယမြောက်ဘုရင် ဖြစ်လာမည်ဖြစ်သည်။

ဘုရင်မကြီးသေဆုံးသွားသည့်အတွက် လွန်စွာ ဝမ်းနည်းရပါကြောင်းနှင့် ဘုရင်မကြီးအား လေးစားမှုနှင့် အတိုင်းအဆမရှိသော ချစ်ခြင်းမေတ္တာတို့သည် ထာဝစဉ်ရှင်သန်နေမည်ဖြစ်ကြောင်း ချားလ်စ်မင်းသားက ဆိုသည်။



ဘုရင်မကြီးသည် ခေတ်သစ်ဗြိတိန် နိုင်ငံတော်ကို ပြန်လည်တည်ဆောက်ရာတွင် စိတ်ဓာတ်အလွန် မာကျောပြီး မည်သည့်အခက်အခဲမဆို ကြံ့ကြံ့ခံနိုင်သည့် နှလုံးသားကို ပိုင်ဆိုင်ထားကြောင်းနှင့် ဗြိတိန်ပြည်သူများသည် ဘုရင်မကြီး၏ အုပ်ချုပ်မှုအောက်တွင် ကြီးပွားတိုးတက်ခဲ့ပါကြောင်း ဗြိတိန်ဝန်ကြီးချုပ် လစ်ဇ်ထရက်စ်က ပြောကြားခဲ့သည်။

ဘုရင်မကြီးသေဆုံးကြောင်း တရားဝင်ထုတ်ပြန်ကြေညာပြီးနောက် ဘက်ကင်ဟမ်နန်းတော်ရှေ့၌ လူထောင်ပေါင်းများစွာ စုဝေးရောက်ရှိခဲ့ကြသည်။

လာမည့် ရက်သတ္တနှစ်ပတ်အတွင်း Westminster Abbey ခရစ်ယာန်ဘုရားကျောင်း၌ ဘုရင်မကြီး၏ ဈာပနအခမ်းအနားကျင်းပရန် စီစဉ်လျက်ရှိပြီး ပြည်သူများ ဂါရဝပြုနိုင်ရန်အတွက်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

ဘုရင်မကြီးသေဆုံးမှုအပေါ် ကမ္ဘာ့ခေါင်းဆောင်များက တော်ဝင်မိသားစုအပါအဝင် ဗြိတိန်ပြည်သူများနှင့်ပါ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း ပြောကြားသည်။

ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုးက ဘုရင်မကြီးသေဆုံးသည့်အတွက် ဝမ်းနည်းကြောင်းနှင့် ဘုရင်မကြီး၏ တည်ငြိမ်မှန်ကန်သည့် ဆုံးဖြတ်ချက်များသည် ရှုပ်ထွေးလှသည့် ယနေ့ကမ္ဘာအတွက် အားအင်များဖြစ်ခဲ့ကြောင်း ပြောကြားသည်။

အလားတူ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် သမ္မတကတော် ဂျေးလ်ဘိုင်ဒင်တို့ကလည်း ဘုရင်မကြီး သေဆုံးသွားသည့်အပေါ် လွန်စွာ စိတ်မကောင်းဖြစ်ရပါကြောင်း ပြောကြားခဲ့ပြီး ဖွန်လအတွင်း ဘုရင်မကြီးနှင့်တွေ့ဆုံခဲ့ရသည့်အချိန်များကို အောက်မေ့သတိရမိပါကြောင်း ဂျိုးဘိုင်ဒင်က ဆိုသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၂၆ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၉**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၂၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄၇၉၉၆၆၃ ဦးရှိကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် နှစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၂၂၄ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရှစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၃၆၂၇၀ ရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၈၉၄ ဦး ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၇၃၅၉၉၃ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၇၄၀၀ ရှိပြီး ၎င်းတို့အနက် ၆၄ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၃၈ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများတပ်ဆင်ထားရကြောင်း သိရသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူပြီးသူ ၈၆ ရာခိုင်နှုန်း၊ ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးသူ ၈၄ ဒသမ ၂ ရာခိုင်နှုန်း ရှိသည်။ ထို့ပြင် ပထမအကြိမ် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးသူ ၄၉ ဒသမ ၇ ရာခိုင်နှုန်း ရှိပြီး ဒုတိယအကြိမ် ကာကွယ်ဆေးထပ်ဆောင်း ထိုးနှံမှုခံယူပြီးသူ ၁ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။



ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

## အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ကလေးငယ်ပေါင်း ၁၄ ဒသမ ၅ သန်းကျော်ရှိ

**ဝါရှင်တန် စက်တင်ဘာ ၉**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ပျံ့နှံ့သည့် အချိန်မှစပြီး လက်ရှိအချိန်အထိ ကလေးငယ် ၁၄ ဒသမ ၅ သန်းကျော် ကူးစက်ခံရကြောင်း အမေရိကန် ကလေးအထူးကု အကယ်ဒမီနှင့် ကလေးဆေးရုံအဖွဲ့၏ အစီရင်ခံစာအရ သိရသည်။

၎င်းတို့အနက် ကလေးငယ် ၃၄၃၀၀၀ ကျော်သည် လွန်ခဲ့သော ရက်သတ္တလေးပတ်အတွင်း ရောဂါ ကူးစက်ခံရခြင်းဖြစ်သည်။ ကလေးငယ် ၆ ဒသမ ၆၅ သန်းသည် ယခုနှစ်အတွင်း ရောဂါ ကူးစက်ခံရခြင်း ဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။



ဗီဇပြောင်း ဗိုင်းရပ်စ် ကူးစက်မှုနှင့် ရေရှည်အကျိုး သက်ရောက်မှုဆိုင်ရာ ရောဂါ၏ပြင်းထန်မှုကို အကဲဖြတ်ပြီး အသက်အရွယ်အလိုက် အချက်အလက်များ စုဆောင်းရန် အရေးကြီးကြောင်း ယင်းအစီရင်ခံစာတွင် ပါရှိသည်။

ကလေးငယ်များ၏ကျန်းမာရေး အပေါ် ကပ်ရောဂါ၏ သက်ရောက်မှုများကို အသေးစိတ် စောင့်ကြည့်သွားရန် အရေးကြီးကြောင်းနှင့် ရောဂါ ကူးစက်ခံထားရသည့် ကလေးငယ်များ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ရေရှည် အကျိုးသက်ရောက်မှုများကို ဖော်ထုတ်ဖြေရှင်းရန် အရေးကြီးကြောင်းကိုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

■

## အာဖရိကဒေသ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၅၂၄ ဦး ရှိလာ

**ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၉**

အာဖရိကနိုင်ငံ ၁၁ နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ၅၂၄ ဦးနှင့် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၁၂ ဦးရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အာဖရိကဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မတ်ရှီဒီဆိုမော်တီက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါရောဂါကူးစက်ခံရသူအများစုသည် နိုင်ဂျီးရီးယား၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဂါနာနိုင်ငံများမှဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် မော်တီက ပြောကြားသည်။

ထို့ပြင် သေဆုံးသူများအနက် နိုင်ဂျီးရီးယားနိုင်ငံမှ ခြောက်ဦး၊ ဂါနာနိုင်ငံမှ လေးဦးနှင့် ဗဟိုအာဖရိကမှ နှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ရောဂါစစ်ဆေးတွေ့ရှိသည့် အာဖရိကနိုင်ငံများ၌ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းမရှိသေးသော်လည်း ရောဂါစစ်ဆေးရေးကိရိယာ ၃၉၀၀၀ ခန့်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သက်ဆိုင်ရာ ကျန်းမာရေးတာဝန်ရှိသူများထံသို့ ဖြန့်ဝေထားပြီးဖြစ်ကြောင်း မော်တီက ဆိုသည်။

မျောက်ကျောက်ရောဂါသည် ရောဂါရှိသူထံမှ အနာအဖုများ သို့မဟုတ် ကိုယ်တွင်းအရည်များ၊ ဗိုင်းရပ်စ်ကူးစက်ခံထားရသည့် မျက်နှာပြင်များကို ထိတွေ့ခြင်း သို့မဟုတ် ဗိုင်းရပ်စ်ကူးစက်ခံထားရသူ၏ အသက်ရှူလမ်းကြောင်းမှ ထွက်သည့် အညစ်အကြေးများနှင့် ထိတွေ့မိသည့်အခါ ရောဂါထပ်ဆင့်ကူးစက်မှုကို ဖြစ်စေနိုင်သည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

# မြန်မာ-ဒူဘိုင်း နှစ်နိုင်ငံရဲအဖွဲ့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီးခုနစ်ဦးအား ကယ်တင်၍ မြန်မာနိုင်ငံသို့ခေါ်ယူပေးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၉**

မြန်မာ–ဒူဘိုင်း နှစ်နိုင်ငံရဲအဖွဲ့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူကုန်ကူးသူ တရားခံအား ဖမ်းဆီးလွှဲပြောင်းပေးပြီး လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီးခုနစ်ဦးအား ကယ်တင်၍ မြန်မာနိုင်ငံသို့ ခေါ်ယူပေးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

## အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင် အခြေပြု၍ မြန်မာနိုင်ငံသားအမျိုးသမီးများအား လူကုန်ကူးနေသူများဖော်ထုတ်ချက်




**မက်လုံးပေးစည်းရုံး**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် သတင်းများအရ အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းတွင် အမြဲတမ်းနေထိုင်ခွင့်ဖြင့် နေထိုင်သည့် မြန်မာနိုင်ငံသားအဖွဲ့တစ်ဖွဲ့သည် "ဒူဘိုင်းတွင် လစာကောင်းကောင်းနှင့် အလုပ်ရမည်" ဟု မက်လုံးပေးစည်းရုံးကာ မြန်မာနိုင်ငံသား အမျိုးသမီးငယ်များကို ခေါ်ယူ၍ ဒူဘိုင်းသို့ ရောက်ရှိသည့်အခါ "အီရန်၊ အီရတ်၊ ကာတာ၊ ဘာရိန်း၊ ကူဝိတ်၊ ဆော်ဒီ၊ ယီမင်၊ ဂျော်ဒန်နှင့် အိုမန်" နိုင်ငံများသို့ အတင်းအကျပ်စေလွှတ်ရောင်းစားမှုများ ပြုလုပ်နေကြောင်း သိရှိရသည့်အတွက် ဩဂုတ်လဆန်းမှစတင်ကာ လေ့လာစုံစမ်းမှုများ ပြုလုပ်ခဲ့သည်။

ဩဂုတ် ၂၅ ရက်တွင် မြန်မာအမျိုးသမီးအဖွဲ့ တစ်ဖွဲ့က Facebook လူမှုကွန်ရက်စာမျက်နှာတွင် Live လွှင့်၍ "၎င်းတို့ခုနစ်ဦး ဒူဘိုင်းတွင် ဒုက္ခရောက်နေကြောင်း၊ မမေဖုန်း(ခ)မထက်ထက်(ခ) မကေသီမြင့်က ဒူဘိုင်းတွင် အိမ်အကူအလုပ်ရမည်၊ လစာကောင်းမည်ပြော၍ ခေါ်ယူခဲ့ရာ သုံးလကျော်ကြာသည်အထိ အလုပ်မရသေးကြောင်း၊ ဒူဘိုင်းမြို့ရှိ အမည်မသိနေရာရှိ အခန်းကျဉ်းတစ်ခုတွင် ၎င်းတို့ခုနစ်ဦးအား တစ်လကျော် ပိတ်လှောင်ထားကြောင်း၊ ဒူဘိုင်းရောက်ရှိသည်မှစ၍ ၎င်းတို့၏ ပတ်စပို့အားလုံးကိုလည်း မကေသီမြင့်က သိမ်းယူထားကြောင်း၊ ပိတ်လှောင်ထားစဉ် တစ်ရက်ထမင်းတစ်နပ်သာ ပဲဟင်းရည်ကျဲဖြင့်ကျွေးကြောင်း၊ ယခုအခါ ၎င်းတို့အား အီရတ်နိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း၊ အီရတ်တွင် အလုပ်လုပ်ရမည်ဟု ပြောကြောင်း၊ အီရတ်မသွားလိုပါက မြန်မာငွေကျပ် သိန်းတစ်ရာပေးရမည်ဟု ခြိမ်းခြောက်တောင်းဆိုကြောင်း၊ ၎င်းတို့ခုနစ်ဦးသည် ပိတ်လှောင်ထားသည့် အခန်းကျဉ်းအားဖျက်၍ ထွက်ပြေးလာပြီး ယခုအခါ မြန်မာနိုင်ငံသားတစ်ဦး၏အကူအညီဖြင့် လမ်းဘေးအခန်းကျဉ်းတစ်ခုကို ၁၀ ရက်စာ အခပေး၍ ငှားနေရကြောင်း၊ ၎င်းတို့တွင် စားစရာမရှိ၊ သွားစရာမရှိ မကေသီမြင့်က ထပ်မံ၍ ဒုက္ခပေးမည်ကိုလည်း ကြောက်ရွံ့၍ ပုန်းအောင်းနေရကြောင်း၊ ယခု Live ကို တွေ့ရှိသူများအနေဖြင့် ကူညီပေးကြပါရန်" ငိုကြွေး၍ အကူအညီတောင်းခံမှုကို တွေ့ရှိခဲ့ရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် အဆိုပါ Live လွှင့်တင်ထားမှုအား တွေ့ရှိသည့် ဩဂုတ် ၂၅ ရက် ညနေ ၆ နာရီမှစတင်ကာ Facebook Live ၏ အရင်းအမြစ်ကို ရှာဖွေခြင်း၊ တစ်ဆင့်ပြီးတစ်ဆင့် အင်တာနက်မှ ရှာဖွေစိစစ်ဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၆ ရက် ည ၇ နာရီ ၂၅ မိနစ်တွင် ဒူဘိုင်း၌ ဒုက္ခရောက်နေသော မြန်မာအမျိုးသမီး ခုနစ်ဦးနှင့် Messenger မှ ဆက်သွယ်မှု စတင်ရရှိခဲ့သည်။ ၎င်းတို့ခုနစ်ဦး ဒူဘိုင်းတွင် ခိုအောင်းနေသည့်နေရာအား မေးမြန်းရာတွင်လည်း မသိရှိသဖြင့် Google Map ဖြင့် ရှာဖွေစိစစ်နိုင်ရေး တယ်လီဖုန်းမှ လုပ်နည်းပြောပြ၍ ဆောင်ရွက်စေခဲ့ရာ ယင်းနေ့ ည ၈ နာရီတွင် ၎င်းတို့ခုနစ်ဦး ခိုအောင်းသည့်နေရာအား သိရှိခဲ့ရသည်။

**စုံစမ်းစစ်ဆေး**

၎င်းတို့ခုနစ်ဦး၏ ဖြစ်စဉ်အသေးစိတ်ကိုအွန်လိုင်းမှတစ်ဆင့်မေးမြန်းစိစစ်ရာ တရားခံကေသီမြင့်သည် မြန်မာနိုင်ငံသား အမျိုးသမီးများ


လူကုန်ကူးခံရသူ မြန်မာအမျိုးသမီးခုနစ်ဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ်။

ကို ပြည်ပနိုင်ငံများသို့ စည်းရုံးခေါ်ယူ၍ တရားမဝင် အလုပ်အကိုင်ရှာပေးခြင်း၊ တတိယနိုင်ငံများသို့ ထပ်မံပို့ဆောင်ရောင်းစားခြင်း၊ ၎င်းစီစဉ်မှုကို လက်မခံလျှင် ခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ လျော်ကြေးငွေ တောင်းခံခြင်း၊ အလုပ်ရလျှင်လည်း သုံးလစာ၊ ခြောက်လစာ ဖြတ်ယူခြင်းများ ပြုလုပ်လျက်ရှိကြောင်း စုံစမ်းရရှိသဖြင့် ၎င်းကျူးလွန်သော ပြစ်မှုများအတွက် ရန်ကုန်မြို့ တာမွေမြို့မရဲစခန်းတွင် အမှုဖွင့်ကာ အသေးစိတ် စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ဩဂုတ် ၂၆ ရက် နေ့လယ်ပိုင်းတွင် အာရပ်စော်ဘွားများပြည်ထောင်စုရှိ ဒူဘိုင်းရဲဌာနချုပ်နှင့် အမျိုးသမီးခုနစ်ဦး ခိုအောင်းနေသည့် နယ်မြေရှိ ဒူဘိုင်းမြို့ Naif ရဲစခန်းသို့ အကြောင်းကြားခြင်း၊ အင်တာပိုလ်ရဲအဖွဲ့သို့ သတင်းဖလှယ်ဆက်သွယ်ခြင်းများကို တစ်ဆက်တည်း ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းဖလှယ်အကူအညီတောင်းခံမှုအရ မြန်မာနိုင်ငံသား လူကုန်ကူးခံရသူအမျိုးသမီးခုနစ်ဦးအား ဩဂုတ် ၂၆ ရက်တွင် ဒူဘိုင်းရဲအဖွဲ့၏ စီစဉ်ပေးမှုဖြင့် လုံခြုံစိတ်ချရသည့် ဒူဘိုင်းအမျိုးသမီး စောင့်ရှောက်ရေးဂေဟာသို့ ပို့ဆောင်စောင့်ရှောက်ထားရှိနိုင်ခဲ့သည်။

သတင်း ကွင်းဆက်များဆက်လက်ဖော်ထုတ်မှုအရ မြန်မာအမျိုးသမီးများကို စည်းရုံးခေါ်ယူ၍ ဒူဘိုင်းရှိကေသီမြင့်ထံသို့ ပို့ဆောင်ပေးနေသော မြန်မာနိုင်ငံမှ မီးမီး(ခ)နော်သောစေးအား ဩဂုတ် ၂၆ ရက်တွင်လည်းကောင်း၊ မဆွေဆွေမြင့်(ခ)အသေးလေးအား ဩဂုတ် ၂၉ ရက်တွင် လည်းကောင်း တာမွေမြို့မရဲစခန်းမှ ဖမ်းဆီးနိုင်ခဲ့သည်။

**ထုတ်ပြန်နိုင်ခဲ့**

ရရှိသည့် သတင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဒူဘိုင်းရဲဌာနချုပ်နှင့် အင်တာပိုလ် NCB(အဘူဒါဘီ)သို့ အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ပေးပြီး ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခဲ့ရာ သတင်းရရှိသည်မှ ၂၄ နာရီအတွင်းဖြစ်သည့် ဩဂုတ် ၃၀ ရက်၌ တရားခံကေသီမြင့်အား ဒူဘိုင်းရဲအဖွဲ့က ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ကေသီမြင့်သည် လူကုန်ကူးမှုကျူးလွန်သည့် တရားခံပြေးဖြစ်ကြောင်း ဩဂုတ် ၃၁ ရက်တွင် အင်တာပိုလ်က Red Notice ထုတ်ပြန်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် အင်တာပိုလ်ရဲအဖွဲ့၊ ဒူဘိုင်းရဲအဖွဲ့ဌာနချုပ် အင်တာပိုလ်(အဘူဒါဘီ)တို့နှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်မှုဖြင့်လည်းကောင်း၊ ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးမှကိုယ်စားလှယ်၏ ကူညီပေးမှုဖြင့် လည်းကောင်း လူကုန်ကူးသူ တရားခံကေသီမြင့်နှင့် လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီးငယ် ခုနစ်ဦးတို့အား နိုင်ငံတော်မှ စရိတ်ကျခံမှုဖြင့် ခေါ်ယူခဲ့ရာ စက်တင်ဘာ ၈ ရက်တွင် မြန်မာအမျိုးသားလေကြောင်းလိုင်း UB–9502 ဖြင့် ဒူဘိုင်းမှ ဒေသစံတော်ချိန် ည ၉ နာရီထွက်ခွာခဲ့ရာ မြန်မာနိုင်ငံ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့နံနက် ၄ နာရီခွဲတွင် ပြန်လည်ရောက်ရှိခဲ့ပြီး ၎င်းတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

**စုံစမ်းဖော်ထုတ်လျက်ရှိ**

တရားခံ ကေသီမြင့်သည် ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံသား အမျိုးသမီးများစွာကို ဒူဘိုင်းသို့ခေါ်ယူ၍ တရားမဝင် အလုပ်အကိုင်ရှာဖွေပေးမှုများဆောင်ရွက်ခြင်း၊ တတိယနိုင်ငံများသို့ ခြိမ်းခြောက်စေလွှတ်ရောင်းစားခြင်း၊ လျော်ကြေးငွေနှင့် လုပ်ခလစာများ ခေါင်းပုံဖြတ်ရယူခြင်းတို့ဖြင့် လူကုန်ကူးပြစ်မှုကျူးလွန်နေသူဖြစ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းနှင့်ဆက်စပ်ပူးပေါင်းကာ လူကုန်ကူးမှုကျူးလွန်သူများ၊ အားပေးကူညီသူများ၊ တရားမဝင်အလုပ်အကိုင် ရှာဖွေဆောင်ရွက်ပေးနေသည့်အဖွဲ့များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိသည်။

ယခုအခါ ဒူဘိုင်းတွင် လူကုန်ကူးခံရ၍ ဒုက္ခရောက်နေသည့် မြန်မာနိုင်ငံသူ အမျိုးသမီးခုနစ်ဦးအားကယ်တင်၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ခဲ့ပြီး ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကာ ၎င်းတို့ခုနစ်ဦးအား အမှုနှင့်ပတ်သက်သည့် လိုအပ်သည့် မေးမြန်းမှုများဆောင်ရွက်ပြီးပါက မိဘဆွေမျိုးများထံ စနစ်တကျ အပ်နှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ပုသိမ် စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန့်နေ့ နေ့လယ်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး ဒေါ်ကြည်ကြည်ထွန်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသူများနှင့် ကျေးလက်ရိုးရာအကအဖွဲ့၊ မွန်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရာမာယဏဇာတ်တော်ကြီးအဖွဲ့နှင့် ရုပ်စုံသဘင်အဖွဲ့တို့အား ပြိုင်ပွဲဝင်ဂုဏ်ပြုဆုများအား လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက အဆိုပြိုင်ပွဲ ပထမဆုရရှိသူများနှင့် အကပြိုင်ပွဲ(အဖွဲ့လိုက်) ဆုရရှိသူများအားလည်းကောင်း ဆုတံဆိပ်များချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ဘာသာရပ်အလိုက် ဆုရရှိသူများအား ဆုများ အသီးသီးချီးမြှင့်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပုသိမ်ခရိုင်၊ ဒုတိယဆုရရှိသည့် မအူပင်ခရိုင်၊ တတိယဆုရရှိသည့် ဟင်္သာတခရိုင်များအား တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ခရိုင်အသီးသီးမှ အဆိုပြိုင်ပွဲဝင် ၅၇ ဦး၊ အကပြိုင်ပွဲဝင် ၁၉၁ ဦး၊ အရေးပြိုင်ပွဲဝင် ရှစ်ဦး၊ အတီးပြိုင်ပွဲဝင် ၁၇၈ ဦး စုစုပေါင်းပြိုင်ပွဲဝင် ၄၃၄ ဦးဖြင့် ပြိုင်ပွဲဝင်ခဲ့ကြရာ ပြိုင်ပွဲအလိုက် ပထမဆု ၈၃ ဆု၊ ဒုတိယ ၄၇ ဆု၊ တတိယ ၂၉ ဆု၊ နှစ်သိမ့်ဆု ၁၇ ဆုဖြင့် ဆုတံဆိပ်စုစုပေါင်း ၁၇၆ ဆု ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





## လူမျိုးဘာသာမခွဲခြားဘဲ အပြန်အလှန်လေးစားကာ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်

လွိုင်ကော် စက်တင်ဘာ ၉

ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားများသည် ကိုးကွယ်သော ဘာသာများ မတူညီကြသော်လည်း လူမျိုးဘာသာမခွဲခြားဘဲ ဘာသာတစ်ခု၏ ဘာသာရေး ယုံကြည်ချက်နှင့် ဓလေ့ထုံးတမ်းများကို အခြားဘာသာဝင်များက အပြန်အလှန် လေးစားကာ အေးချမ်းစွာ အတူယှဉ်တွဲ နေထိုင်လျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်းရှိ ဘာသာအသီးသီး၏ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို အလေးထားကာ တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးသည့် အနေဖြင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအတွက် ဆန်၊ ဆီ ပေးအပ် လှူဒါန်းရခြင်းဖြစ်ကြောင်း ယမန်နေ့ မွန်းလွဲ ၂ နာရီက လွိုင်ကော်မြို့ ခရစ်တော်ဘုရင်ဘုရားကျောင်း၌ ပြုလုပ်သည့် ကယားပြည်နယ်အစိုးရအဖွဲ့မှ လွိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်တို့အတွင်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအတွက် ဆန်နှင့် ဆီများ ထောက်ပံ့လှူဒါန်းပေးအပ်ခြင်းအခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ကယားဖူး နှစ်ခြင်းအသင်းတော်မှ ဆရာတော် ခူးရယ်ကျော်ထူးက အဖွင့်ဆုတောင်း မေတ္တာဖြင့် အခမ်းအနားကို စတင်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်တို့အတွင်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအတွက် ဆန်၊ ဆီများကို ပေးအပ်လှူဒါန်းရာ လွိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်တို့အတွင်းရှိ ကက်သလစ်အသင်းတော်၊ လွိုင်ကော်နှစ်ခြင်းအသင်းတော်၊ ကယားဖူးနှစ်ခြင်းအသင်းတော်၊ သတ္တမနေ့ ဥပုသ်အသင်းတော်၊ ယေဟောဝါအသင်းတော်နှင့် အင်္ဂလီကန်အသင်းတော်တို့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ကက်သလစ်အသင်းတော်မှ ဖာရ်သာ ချဲဆိုဘရွှေက ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။

ယနေ့ ကယားပြည်နယ်အစိုးရအဖွဲ့မှ ဆန်နှင့် ဆီများ ပေးအပ်လှူဒါန်းရာတွင် ကျောင်းပေါင်း ၇၁ ကျောင်းအတွက် ဆန် ၇၃ အိတ်၊ ဆီ ၁၄၆ ပိဿာ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၅၁၁၁၀၀၀ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

မင်းလှ စက်တင်ဘာ ၉

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှ ယနေ့နံနက်ပိုင်းက စုပေါင်းသွေးလှူဒါန်းခြင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ကျော်ကျော်ခိုင် ဦးစီး၍ မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မင်းနိုင်နှင့် တပ်ဖွဲ့ဝင်များက မင်းလှမြို့နယ်



ပြည်သူ့ဆေးရုံတွင် အရေးပေါ် စုပေါင်း သွေးလှူဒါန်းခဲ့ကြောင်း လိုအပ်လျှင် အသင့်အသုံးပြုနိုင်ရန် သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ပြင်ဦးလွင်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူ

ပြင်ဦးလွင် စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့၊ ပြင်ဦးလွင်မြို့နယ်ရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့ဝင်များသည် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ပြင်ဦးလွင်မြို့နယ် ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့ရဲမှူး ဒုတိယရဲမှူးကြီးခင်ဇော်မြင့်နှင့် တာဝန်ရှိသူများက သွေးလှူဒါန်းနေမှုများ



ကို လိုက်လံကြည့်ရှုအားပေးကြပြီး ကြက်ဥ နှင့် အားဖြည့်အချိုရည်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ယနေ့ စုပေါင်းသွေးလှူဒါန်းပွဲတွင် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် ၁၅ ဦးက စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အလုံခရိုင်ရဲတပ်ဖွဲ့၊ စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့၊ စမ်းချောင်းမြို့မရဲစခန်းမှ တရားခံနှစ်ဦးနှင့်အတူ ငွေကျပ်သိန်း ၁၈၀၀ ကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများအား သုံးရက်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် တရားလို မအေးခိုင်(ခ)မဝိုင်းက ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက်က အလုံခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီ ဒုတိယရဲမှူးကြီး ခင်မောင်ဦး လက်ခံရယူစဉ်။

မြို့နယ်(ပြန်/ဆက်)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ကိုးထပ်ကြီးဘုရားဝင်း ဗားကရာတိုက်အတွင်းရှိ ရန်ကုန်ကျောင်းတိုက်နှင့် မဟာသိပ္ပံကျောင်းတိုက်တို့တွင် စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းနိုင် ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၆၅ | ၂၄၁၅ | ၂၄၀၅ | ၂၃၇၅ | ၂၄၁၀ | ၂၄၃၅ | ၂၄၂၀ | ၂၄၀၀ | ၂၄၉၀ | ၂၅၀၅ | ၂၄၀၅ | ၂၄၁၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ | ၂၆၇၀ | ၃၁၆၀ |
| 95 Ron | ၂၄၇၀ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၅၁၅ | ၂၅၄၀ | ၂၅၂၅ | ၂၅၀၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၁၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၇၅ | ၃၂၂၅ |
| HSD (500 ppm) | ၂၉၉၀ | ၃၀၃၅ | ၃၀၃၀ | ၂၉၉၅ | ၃၀၃၅ | ၃၀၅၅ | ၃၀၅၀ | ၃၀၂၀ | ၃၁၃၅ | ၃၁၃၀ | ၃၀၂၅ | ၃၀၃၅ | ၃၀၇၀ | ၃၀၇၀ | ၃၀၇၀ | ၃၂၉၀ | ၃၈၉၅ |
| HSD (50 ppm) | ၃၀၇၅ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၁၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၃၀ |
| HSD (10 ppm) | ၃၀၇၅ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၁၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၅၇ | ၂၃၃၆ |
| 95 Ron | ၂၃၅၈ | ၂၄၃၉ |
| HSD (500 ppm) | ၂၈၆၃ | ၂၉၅၀ |
| HSD (50 ppm) | ၂၉၄၃ | ၃၀၃၁ |
| HSD (10 ppm) | ၂၉၄၃ | ၃၀၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်နေသူများဖြစ်သည့် နိုင်မင်းထက်(ခ) စနေ၊ အောင်စိုးမိုး(ခ) ခေါ်ကြီး၊ ဝေယံအောင်(ခ) မြွေပွေး၊ သန်းမင်းထက်(ခ) မောင်သန်း၊ ခန့်မင်းထက်နိုင်(ခ) ခန့်မင်းတို့ ငါးဦးသည် ၎င်းတို့အသုံးပြုသည့် “Naing Min Htet” Facebook အကောင့်၊ “Aung Soe Moe” Facebook အကောင့်၊ “Wai Yan Aung” Facebook အကောင့်၊ “Than Min Htet” Facebook အကောင့်၊ “Khant Min” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နေလင်းဦး(ခ)အဘစ်(ဒဏ်ရာရ)



ညီလင်းထွန်း(ခ)ဇူးဇူး(ဒဏ်ရာရ)







ဒဏ်ရာရရှိသူများနှင့် မိုင်းဖြင့်ဖောက်ခွဲတိုက်ခိုက်ခံခဲ့ရသည့် လူမှုကူညီရေးယာဉ် မှတ်တမ်းဓာတ်ပုံ။

### ■ မော်လမြိုင်မြို့မှ

အကြမ်းဖက်သမားများက လမ်း၏ယာဘက်မှ မိုင်းဖြင့်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် လူမှုကူညီရေးယာဉ်မှာ လမ်း၏ ယာဘက်မြေသားပေါ်သို့ ရောက်ရှိရပ်တန့်ခဲ့ပြီး ယာဉ်၏ဦးခေါင်းပိုင်းပျက်စီးကာ ယာဉ်မောင်း မောင်နေလင်းဦး(ခ) အဘစ်တွင် လည်ပင်းမိုင်းစဖောက်ဝင်ဒဏ်ရာတစ်ချက်၊ ဝဲမျက်ခုံးကွဲ၊ ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာများနှင့် မောင်ညီလင်းထွန်း(ခ) ဇူးဇူးတွင် နဖူးယာဘက်ဖူးရောင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးကုသမှုခံယူလျက်ရှိသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများ၏ ကျန်းမာရေးအခက်အခဲများအား ကိုယ်ကျိုးမငဲ့ ကူညီဆောင်ရွက်နေသည့် ပရဟိတလူမှုကူညီရေးယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် စက်တင်ဘာ ၉**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန် အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။



အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
World First Aid Day
၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်။
"ရှေးဦးပြုစုအတတ်ပညာ ဘဝတစ်သက်တာသင်ယူပါ"
Lifelong First Aid Learning

# ငွေဆောင်မြို့၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးတွေ့ဆုံပွဲ ဆောင်ရွက်

**ငွေဆောင် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့တွင် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မြို့အဆင့်ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ငွေဆောင်မြို့ ရှောက်ချောင်းကျေးရွာ သုခိတာရုံဓမ္မာရုံ၌ ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ဌာနဆိုင်ရာအဖွဲ့များ ပါဝင်သော နိုင်ငံရေးစစ်ကြောင်း၊ အုပ်ချုပ်ရေးစစ်ကြောင်း၊ စည်းရုံးရေးစစ်ကြောင်း၊ လူမှုရေးစစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးစစ်ကြောင်း စသည်ဖြင့် စစ်ကြောင်းကြီးငါးကြောင်းဖြင့် လာရောက်၍ ရပ်ကွက်နေပြည်သူများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ပြည်သူများ၏ လူနေမှုဘဝပုံစံများနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပြောကြားသည်။

ထို့နောက် ငွေဆောင်မြို့ နယ်မြေစခန်းမှူး ရဲအုပ်အောင်လင်းထွန်းက ရပ်ရွာအေးချမ်းသာယာရေး၊တရားဥပဒေစိုးမိုးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း ပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာန၏လုပ်ငန်းများ အကြောင်းရှင်းလင်းပြောကြားကာ ပြည်သူများတင်ပြသည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ပြန်လည်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်လင်းဦး(ပြန်/ဆက်)**



# လှည်းကူးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယမန်နေ့ ညနေ ၅ နာရီက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် တာဝန်ရှိသူများနှင့်အတူ လှည်းကူးမြို့နယ် ဝါးနက်ကုန်းကျောင်းစုကျေးရွာတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက် ပြည်ထောင်စုရန်ပုံငွေအဖြစ် ပုလဲရောဦး ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကျေးရွာကုန်ထုတ်လမ်း (ဂဝံမြေသားလမ်း) လမ်းအရှည် တစ်မိုင်ခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဇော်နောင်နောင်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြခဲ့ကြပြီး အမြဲတမ်းအတွင်းဝန်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ကဝ စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သံဒင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၀၀၇-င) ဦးပိုင်အမှတ်(၁၉/၁၁) တောင်သူဦးမြင့်ရွှေ၏ လယ်ယာဧရိယာအတွင်းမှ သုည ဒသမ ၀၁၁ ဧကေတွင် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ဆင်းသုခ မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်လွင်၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးရဲကိုကိုတို့က စံကွက်ရိတ်သိမ်းမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် ကဝမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်လွင်နှင့် ကွင်းဝန်ထမ်းများက ဦးဆောင်ပြီး စိုက်ပျိုးရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ ဆင်းသုခတစ်ဧကအစိုအထွက်နှုန်း ၉၂ ဒသမ ၄၄ တင်းထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အင်းစိန်မြို့နယ်၌ ပြည်သူများ လက်ဝယ်အရောက် ဈေးနှုန်းချိုသာစွာဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချပေး

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြည်သူများ လူမှုဘဝစားသောက်ရေးတွင် အထောက်အကူဖြစ်စေရန်နှင့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်စေရန် ရည်ရွယ်၍ ပြည်သူများ လက်ဝယ်အရောက် အခြေခံစားသောက်ကုန်များ ရောင်းချပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက အင်းစိန်မြို့နယ် မြို့သစ်(က၊ခ) ရပ်ကွက် က/၇ လမ်းထိပ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ရောင်းချပေးလျက်ရှိသည်။

**လွတ်လပ်စွာဝယ်ယူ**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးရာတွင် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၆၀၀၊ ကြက်ဥတစ်လုံးလျှင် ငွေ ၁၇၅ ကျပ်၊ ဆီတစ်ပိဿာလျှင် ငွေကျပ် ၅၃၀၀ နှုန်းဖြင့် ရောင်းချရာ ပြည်သူများ လွတ်လပ်စွာဝယ်ယူခဲ့ကြသည်။

ထိုသို့ ရောင်းချပေးရာတွင် အင်းစိန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသုခလှိုင်၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ယာယီရဲမှူး သန့်ဇင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် တာဝန်ရှိသူများက ပြည်သူများ ဝယ်ယူနေသည်ကို အဆင်ပြေစေရန် ဝိုင်းဝန်း ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြု လေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 6

အရင်အပတ်က Unit 3 Lesson 4 : My favourite room အကြောင်း ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 4 Lesson : 1 Talking about your family and free time အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။

**Unit 4 Lesson : 1 Talking about your family and free time**

- Words that go with go, do, play
- Talking about hobbies and families

ဒီသင်ခန်းစာမှာ go, do, play တို့နဲ့တွဲဖက်အသုံးပြုရတဲ့ လုပ်ဆောင်ချက်တွေကို ရှင်းပြသွားပါမယ်။

အားကစားနဲ့ အခြားလုပ်ဆောင်ချက်တွေကို ရေးသားတဲ့အခါ go, do, play တို့ကို အသုံးပြုရပါတယ်။ စကိတ်စီးတယ်ဆိုရင် **go skating** ကို သုံးရတယ်။ ကရာတေးကစားတယ်ဆိုရင် **do karate** ကိုသုံးပြီး တော့ တင်းနစ်ကစားတယ်ဆိုရင် **play tennis** ကိုသုံးရပါတယ်။ ဒီလို အသုံးအနှုန်းကွဲပြားမှုတွေရှိတယ်ဆိုတာ သတိပြုရပါမယ်။ ဒါကြောင့် go, do, play တို့နဲ့တွဲသုံးတဲ့ အသုံးအနှုန်းတွေကို အလွတ်ကျက်မှတ်ထားပါ။

### Go + Ving (activities)

Go ကို Ving နဲ့ အဆုံးသတ်တဲ့ လုပ်ဆောင်ချက်တွေနဲ့တွဲဖက် အသုံးပြုပါတယ်။

| | |
|---|---|
| go riding | စက်ဘီးစီး |
| go fishing | ငါးမျှား |
| go skiing | နှင်းလျှောစီး |
| go sailing | ရွက်လှေစီး |
| go windsurfing | ရေလှိုင်းစီး |
| go snowboarding | နှင်းလျှောစီး |
| go swimming | ရေကူး |
| go dancing | ကခုန်ခြင်း |
| go cycling | စက်ဘီးစီးခြင်း |
| go running | ပြေးခြင်း |

### Do + sports

do ကို အသင်းအဖွဲ့မဟုတ်ဘဲ တစ်ဦးတည်း တစ်ယောက်တည်း ကစားရတဲ့အားကစားမျိုး၊ ဘောလုံးမသုံးဘဲ ကစားရတဲ့အားကစား အမျိုးအစားတွေနဲ့ တွဲဖက်အသုံးပြုပါတယ်။ ဥပမာပြောရရင် ဉာဏ်စမ်းကစားနည်း၊ ပြေးခုန်ပစ်အားကစား၊ ကရာတေး၊ သိုင်း စသည်ပေါ့။

| | |
|---|---|
| do aerobics | အေရိုးဗစ် (ကိုယ်လက်လှုပ်ရှားအားကစား) |
| do gymnastics | ကျွမ်းဘား |
| do taekwondo | တိုက်ကွန်ဒို |
| do judo | ဂျူဒို |
| do karate | ကရာတေး |
| do kung-fu | ကွန်ဖူး |
| do ballet | ဘဲလေးအက |
| do exercise | လေ့ကျင့်ခန်း |
| do yoga | ယောဂ |
| do athletics | ပြေးခုန်ပစ်အားကစား |
| do archery | မြှားပစ် |
| do a crossword puzzle | ဉာဏ်စမ်းကစားနည်း |
| do tai chi | ထိုက်ချီသိုင်းကစားနည်း |

### play + sports

play ကို အသင်းအဖွဲ့နဲ့ ကစားတဲ့အားကစားတွေ၊ ဘောလုံးလိုမျိုး အခြားပစ္စည်းတစ်ခုခုကို အသုံးပြုပြီးကစားရတဲ့အားကစားနည်းတွေ နဲ့တွဲဖက်အသုံးပြုပါတယ်။ ဥပမာ ဘောလုံး၊ ရေခဲပြင်ဟော်ကီ စသည်ဖြင့်ပေါ့။

| | |
|---|---|
| play badminton | ကြက်တောင်ရိုက် |
| play table tennis | စားပွဲတင်တင်းနစ် |
| play football | ဘောလုံး |
| play basketball | ဘတ်စ်ကက်ဘော |
| play volleyball | ဘော်လီဘော |
| play chess | စစ်တုရင် |
| play cricket | ခရစ်ကက် |
| play snooker | စနူကာ |
| play hockey | ဟော်ကီ |
| play baseball | ဘေ့စ်ဘော |
| play rugby | ရတ်ဂ်ဘီ |
| play squash | ဘောလုံးရိုက်အားကစား |

**လေ့ကျင့်ခန်း**

(၁) ပေးထားသောပုံများကိုကြည့်ပြီး အင်္ဂလိပ်လိုရေးပါ။


1. go fishing


2.---------------


3.---------------


4.---------------


5.---------------


6.---------------


7.---------------


8.---------------


9.---------------

(၂) အောက်ပါတို့ကို မြန်မာလိုရေးပါ။

၁။ Hello, my name is Ko Ko. My parents are U Khin Maung and Daw Nan Khin. I like playing football. My father's hobbies are listening to the radio and travelling. My mother loves going shopping.

၁။ ________________________________________________
________________________________________________
__________

၂။ Hi, I'm Min Thu. My parents are U Ba and Daw Mu. I have one sister and one brother. I am the youngest. My father and my sister like playing piano and my mother loves watching movies. My brother and I love travelling and listening to music.

၂။ ________________________________________________
________________________________________________
__________

****************

(လာမည့်အပတ်တွင် Lesson 2 : A happy family အကြောင်းဖော်ပြပါမည်)

## Grade 7

အရင်အပတ်က Unit 3 Lesson 1 : At the clothes shop (အင်္ကျီဆိုင်မှာ) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာ ဈေးဝယ်သူနဲ့ အရောင်းစာရေးတို့ရဲ့ စကားပြောဆိုပုံများကို လေ့ကျင့်ခန်းများ ဖော်ပြသွားမှာ ဖြစ်ပါတယ်။

(ယခင်အပတ်မှ အဆက်)

**Unit 3 Lesson 1 : At the clothes shop (အင်္ကျီဆိုင်မှာ)**

**လေ့ကျင့်ခန်း**

(၁) အောက်ပါစကားပြောပုံစံများကို အင်္ဂလိပ်လိုရေးပါ။

**စကားပြော (၁)**



အရောင်းစာရေး - မင်္ဂလာပါ။ ဘာများကူညီပေးရမလဲ ခင်ဗျာ။
ဝယ်သူ - ကျွန်တော် ရှပ်အင်္ကျီလိုချင်လို့ပါ။ ခင်ဗျားတို့ဆီမှာ ရောင်းသလား။
အရောင်းစာရေး - ဟုတ်ကဲ့။ ရှိပါတယ်။ လက်တိုယူမှာလား။ လက်ရှည်ယူမှာလား။ (long/short sleeve shirt)
ဝယ်သူ - လက်ရှည်လိုချင်ပါတယ်။
အရောင်းစာရေး - ဒီမှာကြည့်ပါ။ ဘယ်အဆင်ကြိုက်ပါသလဲ။
ဝယ်သူ - ဒီအဆင်လေးကြိုက်ပါတယ်။ ဈေးက ဘယ်လောက်လဲ။
အရောင်းစာရေး - ၁၂၀၀၀ ကျပ်ပါခင်ဗျာ။
ဝယ်သူ - ကောင်းပါပြီ။ ဒါလေး ယူလိုက်ပါမယ်။
အရောင်းစာရေး - ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။

**စကားပြော (၂)**



အရောင်းစာရေး - မင်္ဂလာပါ။ ဘာများလိုချင်ပါသလဲ ခင်ဗျာ။
ဝယ်သူ - ဦးထုပ်တစ်လုံးလောက် လိုချင်ပါတယ်။
အရောင်းစာရေး - ဟုတ်ကဲ့။ ရှိပါတယ်။ ရော့ ဒီမှာပါ။
ဝယ်သူ - ဒီလို ဒီဇိုင်းမျိုးကို အနီရောင်ရှိပါသလား။
အရောင်းစာရေး - ဟုတ်ကဲ့။ ရှိပါတယ်။
ဝယ်သူ - ကျွန်တော် ဝတ်ကြည့်လို့ရမလား။
အရောင်းစာရေး - ဟုတ်ကဲ့။ ရပါတယ်။
ဝယ်သူ - ဈေးက ဘယ်လောက်လဲခင်ဗျာ။
အရောင်းစာရေး - ၃၅၀၀ ကျပ်ပါ ခင်ဗျာ။
ဝယ်သူ - ဟုတ်ကဲ့။ ဒါလေး ယူပါမယ်။
အရောင်းစာရေး - ကျေးဇူးတင်ပါတယ်။ နောက်လည်း လာခဲ့ပါနော်။ သူငယ်ချင်းတွေလည်း ခေါ်လာခဲ့ပါ။ (come again and bring your friends)

**စကားပြော (၃)**

ဝယ်သူ - တစ်ဆိတ်လောက်။ ဒီမှာ ဂျက်ကတ်တွေရှိလား။
အရောင်းစာရေး - ဟုတ်ကဲ့ရှိပါတယ်။ အပြာရောင်၊ ခဲရောင်နဲ့ အနီရောင်တွေ ရှိပါတယ်။
ဝယ်သူ - အပြာရောင်လေးက လှလိုက်တာ။ ဝတ်ကြည့်လို့ရမလား။
အရောင်းစာရေး - ဟုတ်ကဲ့ ရပါတယ်။ အဝတ်လဲခန်းက ဟိုမှာပါ။
ဝယ်သူ - ဘယ်လိုနေလဲ။ ကျွန်တော်နဲ့ လိုက်ရဲ့လား။
အရောင်းစာရေး - ခင်ဗျားနဲ့ တော်တော်လိုက်ပါတယ်။
ဝယ်သူ - တကယ်လား။ ဒါဘယ်လောက်တဲ့လဲ။
အရောင်းစာရေး - ဒါက ၃၅၀၀၀ ကျပ်ပါ။
ဝယ်သူ - ဈေးကြီးလိုက်တာ။ ၂၅၀၀၀ ကျပ်ထားလိုက်ပါ။
အရောင်းစာရေး - ၃၀၀၀၀ ကျပ်ရပါမယ်။
ဝယ်သူ - ကောင်းပြီ။ ဒါလေးယူလိုက်မယ်။

**စကားပြော (၄)**



အရောင်းစာရေး - ဘာကူညီပေးရမလဲ ခင်ဗျာ။
ဝယ်သူ - ဟုတ်ကဲ့။ ကျေးဇူးပြုပြီး ကျွန်တော် ဆွယ်တာ တစ်ထည်လောက်လိုချင်လို့ပါ။
အရောင်းစာရေး - ဝတ်ကြည့်ချင်သလား။ အဝတ်လဲခန်းက ဟိုဘက်နားမှာပါ။
ဝယ်သူ - ဒါက ကျွန်တော်နဲ့ နည်းနည်းကျပ်နေတယ်။
အရောင်းစာရေး - ဒီဟာရောဆိုရင်ရော။
ဝယ်သူ - ဒါလေးက အတော်ပဲ။ ဈေးက ဘယ်လောက်လဲ။
အရောင်းစာရေး - ၁၅၀၀၀ ကျပ်ပါ။
ဝယ်သူ - အိုး များလိုက်တာ။ ၁၀၀၀၀ ကျပ်အတိမရဘူးလား။
အရောင်းစာရေး - ဒါရောင်းဈေးပါ။
ဝယ်သူ - ကောင်းပါပြီ။ မယူတော့ပါဘူး။ ကျေးဇူးတင်ပါတယ်။

******************

(လာမည့်အပတ်တွင် အဖြေများဖော်ပြပါမည်)

## Grade 8

## Unit 4

### Lesson 1: What kind of person are you?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. He is always h__________ whenever I have any problem.
2. She is so s_______________ that she always cries at a sad movie.
3. My grandpa is over 75, but he is still a___________.
4. I phoned Mar Mar but the line was b____________.
5. She is so b__________ that most of her friends don't like her.
6. She is a very c__________ and very pretty girl.
7. I love my mother most because she is very k____________ to me.
8. My aunt is too m___________ to make a donation.
9. The children are spoilt. They need to be d___________.
10. She is always w___________ to help her friends.

**II. Supply the correct form of the words given in brackets.**

1. (talk) When he grows old, he becomes t___________. He never stops talking when we meet.
2. (create) He is a very _________ musician.
3. (create) ____________ is more important than technical skill.
4. (response) The driver is ______________ for the safety of his passengers.
5. (response) It was ______________ of you to leave the car unlocked.
6. (charm) He has a _____________ personality.
7. (help) Trees are ____________ to man in many ways.
8. (diligent) She shows great _______ in her school work.
9. (care) Be _________ with the glasses; don't break them.
10. (care) He got low marks in the test because of his _________ mistakes.

**III. Supply the correct form of the verbs given in brackets.**

1. (attract) Flowers ___________ bees.
2. (tell) Grandpa ___________ us a story every night.
3. (help) Please ____________ me with this heavy luggage.
4. (understand)The girl _____________ and began to clear them.
5. (feel) I don't ____________ well today.
6. (give) Can you ____________ me the best way to the police station?
7. (share) Finally we ___________ the money equally.
8. (think) What are you ___________ about?
9. (do) He never __________ housework.
10. (talk) I can __________ about anything with my best friend.

**IV. Rewrite the sentences in the correct order.**

1. wheels/have/All/of/cars/the
_____________________________________________.
2. got/They/into/car/the/again
_____________________________________________.
3. dry/dusty/The/roads/very/are/and
_____________________________________________.
4. few/A/of/books/the/white/are
_____________________________________________.
5. in/sky/the/What/they/did/see/?
_____________________________________________.
6. the/circles/is/yellow/None/of
_____________________________________________.
7. people/the/unhappy/were/Why/?
_____________________________________________.
8. had/He/a /large/of/amount/money
_____________________________________________.

**V. Translate the following.**

1. ဖေဖေက တက်ကြွပြီး ဖန်တီးနိုင်မှုရှိတယ်။ ကူညီတတ်တယ်။
_____________________________________________.
2. ခင်ခင်က တစ်ခါတစ်ရံ ဆရာကြီးလုပ်တယ်။
_____________________________________________.
3. မေမေက အရာရာကို ဂရုတစိုက်ရှိပြီး သူတစ်ပါးကို ကူညီတတ်တယ်။
_____________________________________________.
4. ညီလေးက ရိုးသားပြီး ကြိုးစားတယ်။
_____________________________________________.
5. ညီမလေးက ကြင်နာတတ်တယ်။ ဖန်တီးနိုင်မှုရှိတယ်။ ဒါပေမဲ့ စပ်စုတယ်။
_____________________________________________.
6. ကိုကိုက ပျင်းတယ်။ နှမြောတတ်ပြီး စကားများတယ်။
_____________________________________________.
7. ကိုကြီးက လုံ့လရှိပြီး စည်းကမ်းကြီးတယ်။
_____________________________________________.

(ဆက်လက်ဖော်ပြပါမည်)

## Grade 9 (စနစ်ဟောင်း)

အရင်အပတ်က Future Continuous Tense နဲ့ Future Perfect Tense အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ Verb Form မေးခွန်းဖြေနည်းအကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### VERB FORM မေးခွန်းဖြေနည်း

Verb Form မေးခွန်းတွေကို ဖြေဆိုတဲ့အခါ အချိန်နဲ့ ကာလကို သိထားဖို့လိုပါတယ်။ နောက်ပြီး အောက်ပါအချက်များကိုလည်း နားလည်ထားဖို့လိုပါတယ်။

**(၁) Active Voice – Passive Voice သတိပြုပါ။**

ပေးထားတဲ့ဝါကျဟာ Active Voice လား၊ Passive Voice လားဆိုတာ သိရမယ်။ ဘယ်လိုခွဲခြားရမလဲဆိုရင် ဝါကျရဲ့ရှေ့ဆုံးမှာပေးထားတဲ့ Subject ကိုကြည့်ပါ။ အဲဒီ Subject က ပြုလုပ်သူလား ဒါမှမဟုတ် ခံရသူလားဆိုတာ စဉ်းစားပါ။ ပြုလုပ်သူဆိုရင် Active Voice ဖြည့်ရမှာဖြစ်ပြီးတော့ ခံရသူဆိုရင်တော့Passive Voice ကို ဖြည့်ရမှာဖြစ်ပါတယ်။

ဥပမာ။ (play) Ko Ko ___ tennis every day.

ဒီဝါကျမှာ Subject ကိုကိုက ပြုလုပ်သူလား၊ ခံရသူလားဆိုတာ စဉ်းစားပါ။ ကိုကိုက တင်းနစ်ကို ကစားမှာလား။ တင်းနစ်က ကိုကို့ကို ကစားမှာလား။ ကိုကိုက တင်းနစ်ကို ကစားတယ်ဆိုတာ ဝါကျအမှန်ပဲပေါ့။ ဒါကြောင့် Subject ကိုကိုက ပြုလုပ်သူဖြစ်ပါတယ်။ ဒါကြောင့် Active Voice ထည့်ရမယ်။ every day ပါတဲ့အတွက် Present Simple (V1) ထည့်ရမယ်။ အဖြေက play၊ Subject အနည်းကိန်းဆိုတော့ plays ဖြစ်ပါတယ်။

ဥပမာ။ (play) Tennis ____ by Ko Ko every day.

ဒီဝါကျမှာ Subject တင်းနစ်က ပြုလုပ်သူလား၊ ခံရသူလားဆိုတာ စဉ်းစားပါ။ တင်းနစ်ကို ကိုကိုက ကစားမှာလား၊ တင်းနစ်က ကိုကို့ကို ကစားမှာလား။ တင်းနစ်ကို ကိုကိုက ကစားတယ်ဆိုတာ ဝါကျအမှန်ဖြစ်ပါတယ်။ ဒါကြောင့် ခံရတဲ့ Object ကို ရှေ့ထုတ်ထားတဲ့အတွက် Passive Voice ပုံစံနဲ့ဖြေရမယ်။ every day ပါတဲ့အတွက် Present Simple (V1) ဖြေရပါတယ်။ သူ့ရဲ့ Passive Voice က am, is, are + V3 ပုံစံဖြစ်ပါတယ်။ Tennis က အနည်းကိန်း ဆိုတော့ အဖြေက is played ဆိုပြီးဖြေဆိုရမှာဖြစ်ပါတယ်။

Active – Passive ပုံစံတွေကို လေ့လာပါ။

| Tense | Active Form | Passive Form |
|---|---|---|
| 1.Present Simple | V1(s,es,ies) | am, is, are + V3 |
| 2.Present Continuous | am, is, are + Ving | am, is, are, + being + V3 |
| 3.Present Perfect | has, have + V3 | has, have+ been + V3 |
| 4.Present Perfect Continuous | has, have + been + Ving | (no passive) |
| 5.Past simple | V2 | was, were+ V3 |
| 6.Past continuous | was, were+ Ving | was, were + being + V3 |
| 7.Past Perfect | had+ V3 | had + been + V3 |
| 8.Past Perfect continuous | had + been + Ving | (no passive) |
| 9.Future simple | will V1 | will be V3 |
| 10.Future continuous | will be Ving | (no passive) |
| 11.Future perfect | will have V3 | will have been V3 |
| 12.Future perfect continuous | will have been Ving | (no passive) |

(၂) Active Voice – Passive Voice စဉ်းစားပြီးရင် ဝါကျမှာပါတဲ့ အချိန်ညွှန်းကိန်းတွေကိုကြည့်ပြီး ကာလရွေးချယ်တတ်ဖို့လိုပါတယ်။ ဒါကြောင့် Time expressions (အချိန်ညွှန်းကိန်းများ) ကို လေ့လာပါ။

* Present Simple (V1) – usually, always, never, on Wednesdays, every Wednesday, twice a week, once a month, in general, every day…etc.
* Present Continuous (am, is, are + Ving) – now, at the moment, at present, today, tonight, this morning/ afternoon/evening.
* Present Perfect (has, have + V3) – for, since, just, already, this week/month/year/today, yet.
* Present Perfect Continuous (has, have + been + Ving) – for, since, this week/ month/ year/ today/ all day, recently.
* Past Simple (V2) – yesterday, a week/month/year ago, last month/week/year/weekend/Monday/night, the day before yesterday, two days/months/years ago.
* Past Continuous (was,were+Ving) – when, while, always, constantly, at that time, in those days, all day, all evening, for hours…etc.
* Past Perfect (had + V3) – when, before, after, until, by the time.
* Past Perfect Continuous (had been Ving) – for, when.
* Future Simple (will V1) – tomorrow, next week/month/ year, in an hour, soon, in the near future, later this evening, in the future, the day after tomorrow, eventually.
* Future Continuous (will be Ving) – while, when, this time tomorrow, this time next week, in the afternoon, next month, next week, next year.
* Future Perfect (will have V3) – for, by/by the time/ when, already, before, by/before day/date/time, by/before present simple.
* Future Perfect Continuous (will have been Ving) – for, since, by this year/month/week, next year/month/week, by then, since morning, since 1990, by tomorrow.

**(၃) Subject Verb agreement သတိပြုပါ။**

ဝါကျတစ်ကြောင်းရေးဖွဲ့တဲ့အခါ ဘယ်ကာလနဲ့ပဲရေးရေး Subject Verb အနည်း၊ အများကို ညီရေးဖို့လိုပါတယ်။ Subject နည်းရင် Verb နည်းမယ်။ Subject များရင် Verb များမယ်။

**(၄) V1 လိုက်သည့်နေရာများ**

* do, does, did, can could, will, would, shall, should, may, might, must, to တို့ရဲ့အနောက်မှာ V1 (infinitive) မူလကြိယာသဏ္ဌာန် လိုက်ပါတယ်။

ဒ့ါအပြင် ခိုင်းစေတဲ့ဝါကျအစမှာလည်း V1 လိုက်ပါတယ်။ Please, Kindly, had better, had rather တို့ရဲ့အနောက်မှာလည်း V1 လိုက်ပါတယ်။

* let, make, feel, see, hear, watch + Object ရဲ့အနောက်မှာလည်း V1 လိုက်ပါတယ်။

**(၅) Ving လိုက်သည့်နေရာများ**

* stop, continue, carry on, keep on, go on, enjoy, love, like, dislike, finish တို့ရဲ့အနောက်မှာ Ving ပုံစံလိုက်ပါတယ်။
* see, hear, watch, feel, find, keep + Object ရဲ့အနောက်မှာလည်း Ving လိုက်ပါတယ်။
* After, before, on, my, our, your, his, her, their, its တို့ရဲ့အနောက်မှာလည်း Ving လိုက်ပါတယ်။

**(၆) Conditional Sentence (If) လျှင်**

* ပုံစံ ၁ – If V1 .., will V1…
  ပုံစံ ၂ – If V2 …, would V1…
  ပုံစံ ၃ – If had V3.., would have V3… (ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၁ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းကျင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | | | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၆၃ စုံ | ၄၃၇ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ် (၁၇၉-၁၈၁)ဟုခေါ်တွင်သော အကျယ်အဝန်း (၃၅× ၃၇ ၁/၂)ပေရှိ စတုတ္ထထပ် (၇)လွှာတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဗာစကရင်(ခ) ဦးစိုးမြင့် (၁၂/ကတတ(နိုင်)၀၁၀၄၃၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဝင်း (၁၂/လမတ(နိုင်)၀၂၄၂၀၂)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမြတ်ထွန်း (B.Sc, R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉- ၉၇၄၀၀၀၁၉၃၊ ၀၉- ၄၅၄၅၄၅၂၂၀

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြေကွက်အမှတ် (ည/၃၅/၉၆၀/ခ)၊ သမာဓိ(၂)လမ်းနှင့်ရဲရန်နိုင်လမ်းထောင့်၊ အကျယ်အဝန်း (၂၀ × ၆၀)ပေရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ရောင်းချသူ ဦးမောင်အေး (၁၂/လမန(နိုင်)၀၂၀၉၂၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်တိုး (၅/မရန (နိုင်)၀၂၄၀၄၃) နှင့် ဒေါ်မြတ်စုဟန် (၉/မခန(နိုင်)၂၁၇၄၆၇)တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးမြတ်ထွန်း (B.Sc, R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉- ၉၇၄၀၀၀၁၉၃၊ ၀၉- ၄၅၄၅၄၅၂၂၀

## ကန့်ကွက်နိုင်ပါသည်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၄၂၀ ဃ)၊ ချောင်းကြီးအရှေ့အသင်းကွင်း၊ ဦးပိုင်အမှတ် (၄/၃၊ ၅/၃၊ ၆ က/၁၊ ၇/၄)၊ ဦးစိုးဟန်အမည်ပေါက် ငါးမွေးမြူရေးကန်၊ ဧရိယာ (၁၃. ၈၄)ဧက နှင့် ဦးပိုင်အမှတ် (၇/၆)၊ ဦးကြည်ရွှင် အမည်ပေါက် ငါးမွေးမြူရေးကန် (၅. ၄၃)ဧက၊ စုစုပေါင်း (၁၉. ၂၇)ဧကရှိ ငါးမွေးရေးကန်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ရောင်းချသူ ဦးစိုးဟန် (၁၄/ညတန(နိုင်) ၀၄၈၀၆၀) နှင့် ဦးကြည်ရွှင် (၁၄/ညတန(နိုင်) ၀၀၁၁၆၇)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မဥ္စုဝင်း (၁၂/မရက(နိုင်) ၁၂၆၉၂၂) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးမြတ်ထွန်း (B.Sc, R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉- ၉၇၄၀၀၀၁၉၃၊ ၀၉- ၄၅၄၅၄၅၂၂၀

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် (၆၂)၊ ပထမထပ်၊ (တတိယလွှာ)၊ A-3 (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၂ ၁/၂ × ၅၀)ပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မိုးလွင် (၁၂/မရက (နိုင်) ၀၈၅၈၃၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းအောင် (၁၂/ကတတ(ဧည့်) ၀၀၀၂၁၄)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမြတ်ထွန်း (B.Sc, R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉- ၉၇၄၀၀၀၁၉၃၊ ၀၉- ၄၅၄၅၄၅၂၂၀

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သိန်းရီ [၁၂/မရက(နိုင်)၀၆၉၃၂၃]သည် ဒေါ်နုနုခင် [၁၂/ဒဂရ(နိုင်)၀၀၄၆၂၄]အား (၁၀-၅-၂၀၁၆)ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၄၅၇၄/၂၀၁၆ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ပေးခဲ့ပါသည်။ အဆိုပါ အထွေထွေ ကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်လှိုင်ဇော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၁၆၆)**
**အမှတ်(၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၀၁၃၄၅၂၄၊ ၀၉-၂၅၄၉၄၉၁၀၈**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မင်္ဂလာဒုံခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၆
## ကွယ်လွန်သူ ဒေါ်အေးချို၏ ကျန်ရစ်သောပစ္စည်းနှင့် စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၅/၆ ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ် (၂၀၀/က)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်အေးချို၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေဆက်ခံခွင့်လက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ကွယ်လွန်သူ ဒေါ်အေးချို၏ ညီအစ်မတော်စပ်သူ ဒေါ်အေးအေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက် (၁၃၈၄ ခုနှစ်၊ တော်သလင်းလဆုတ် ၁၁ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်အေးချို၏ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက် (၁၃၈၄ ခုနှစ်၊ တော်သလင်းလဆုတ် ၁၁ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေဆက်ခံခွင့်လက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်အေးအေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးအေးသိန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## "ဖခင်အမည်မှန်"

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်မြင့်မိုရ်(ကပ)အထက်တန်းကျောင်း Grade-11 မှ မသဇင်အောင်၏ ဖခင်အမည်မှာ ဦးကျော်နိုင်ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၇၀၇)၊ မြေကွက်တည်နေရာအမှတ်(၇၀၇)၊ (၅)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးဟန်သိန်း (CI-012801) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးဟန်သိန်း (ခင်ပွန်း)သည် (၇-၁၂-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ညွန့်မေ [၁၂/သကတ(နိုင်)၀၉၉၈၃၂]မှ ခင်ပွန်း၏ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ကတ်မူရင်း၊ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်နှင့် နှစ်(၆၀)ဂရန်တို့တင်ပြ၍ ပိုင်ဆိုင်၊ အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ (၂)ထပ် အုတ်ညှပ် (၂)လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေနှင့် (၂၀x၆၀)ပေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးမောင်မောင်ကြီး နေထိုင်ပါသည်။ အရပ်ကတိစာချုပ်ဖြင့် နေထိုင်သူ ဦးမောင်မောင်ကြီးနှင့်ပတ်သက်၍ ဝင်စာအမှတ်၊ ၇၆၉၉/၁၆-၈-၂၀၂၂ ရက်နေ့တွင် ဝန်ခံကတိပြုတင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ညွန့်မေမှ ပိုင်ဆိုင်၊ အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်ုပ်မ ဒေါ်ကြည်ကြည်ဝင်း [၁၂/မဂတ(နိုင်)၀၂၂၇၂၀]သည် ဒေါ်ခင်ခင်သိန်း [၁၂/သကတ (နိုင်) ၁၂၇၅၉၇]နှင့် ဦးဝင်းမြင့်အေး [၁၂/သကတ(နိုင်)၀၉၇၂၁၀]တို့အား ၂၁-၁၂-၂၀၁၈ ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၈၆၈/၂၀၁၈ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်ဝင်း [၁၂/မဂတ(နိုင်)၀၂၂၇၂၀]**
**အမှတ်-၄၁၊ ဖြူဟ္မစိုရ်လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၅၁၇၄၀၂၁၆**

## ကန့်ကွက်ရန်အခွင့်အရေးရှိပါက ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ အေးရိပ်ငြိမ်လမ်း၊ အမှတ်(၃၃၉)ဟု ခေါ်တွင်သောမြေ အလျားxအနံ (၄၀x၆၀)ပေရှိ [ဦးစိုးသိမ်း (BB-၀၀၆၅၉၆) အမည်ပေါက်] နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် (၁)ထပ် (BN) နေအိမ်အား ပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်မင်းဦး [၁၂/သကတ(နိုင်)၁၄၅၁၉၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းဟန်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၂၉၆၃)**
**ဖုန်း-၀၉-၄၀၁၅၃၄၂၉၆**

## အများသိစေရန် ကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၃၇၃-ခ)၊ (အလျား ပေ၂၀x အနံ ပေ၆၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ RC (၃)ထပ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြင့်သန်း(ခ)ဦးတိုးဖြူ [၁၂/မဂတ(နိုင်)၀၄၆၃၈၉]အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ရီ(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၃၀၃၆၊ နေ့စွဲ ၂၇-၂-၈၅)**
**အမှတ်(၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၅၀၃၂၃၈၊ ၀၁-၂၂၃၉၅၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ ကမ်းနားလမ်း၊ တိုက်အမှတ် (၁၃၈/၁၅၀)၊ (၇)လွှာ၊ အခန်းအမှတ်(၆)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သိန်းထွေး [၁၂/လသန(နိုင်)၀၀၀၇၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စန်းစန်းဝင်း [B.A (Law) LL.B]** | **ဦးသက်နိုင် (စဉ်-၄၈၄၆၆)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၉၈၆)** | **ဒေါ်လွီးစ်မာရီ (စဉ်-၅၂၃၃၉)** |
| | **အထက်တန်းရှေ့နေများ** |

**အမှတ်(၇)၊ ရာမလမ်း၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၅၉၉၈၂၊ ၀၉-၉၅၀၃၉၃၆၆၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ ငန်းတေးရပ်ကွက်၊ ကွင်း/အကွက်အမှတ်-၅၉၉/(ငန်းတေး/တိုးချဲ့)၊ ဦးပိုင်အမှတ်(၂၇+၂၉)၊ မြေကွက်တည်နေရာအိမ်အမှတ်(၂၇+၂၉)၊ ငန်းတေး/တိုးချဲ့လမ်း၊ ငန်းတေးရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ ဧရိယာ [မြေကွက်အမှတ်(၂၇) ဧရိယာ (၀.၁၁၀)ဧက+မြေကွက်အမှတ်(၂၉) ဧရိယာ (၀.၁၁၀)ဧက]ရှိ နှစ်(၃၀)မြေငှားဂရန် မြေကွက် (၂)ကွက်နှင့် ၎င်းမြေကွက် (၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ဖြစ်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးအောင်မြင့်[၁၃/လခတ(နိုင်) ၀၀၆၆၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်အောင်ဇင်[၁၂/ဗတထ(နိုင်)၀၀၈၁၈၁]၊ ဒေါ်ဥမ္မာမြင့် [၁၀/မလမ(နိုင်)၁၆၆၇၈၃]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်အောင်ဇင်၊ ဒေါ်ဥမ္မာမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph:-09-765602290**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ လူနေရပ်ကွက်အမှတ်- သံဒင်း(၁၉)၊ ကမ်းနားပတ်လမ်း၊ မြေကွက်အမှတ် (၃၅၄)ဟုခေါ်တွင်သော အလျား(၄၀)ပေx အနံ(၆၀)ပေ၊ ဧရိယာ(၂၄၀၀) စတုရန်းပေ၊ (၀.၀၅၅)ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ နှစ်(၆၀)ဂရန်အမည်ပေါက် ဦးဉာဏ်မျိုးညွန့် [၁၂/စခန(နိုင်)၀၀၈၇၀၇]ထံမှတစ်ဆင့် ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ ဒေါ်အေးအေးခိုင် [၁၂/မရက(နိုင်)၁၁၄၃၃၀]မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်စျာန် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၄၈၂)**
**ဖုန်း- ၀၉-၄၄၄၄၂၁၅၄၄**
**အမှတ်(၁၆၉/က)၊ မကွေး(၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ အမှတ်(၂၇)၊ အကျယ်အဝန်း (၁၁ ၁/၂'x၄၈'x အမြင့် ၁၂')ရှိ ပထမထပ်(ခေါင်းရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော တပ်ဆင်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်များအားလုံးအား ဒေါ်လဲ့မွန်ကျော်[၁၂/ဗဟန(နိုင်)၀၉၆၀၆၈]မှ အရှုပ်အရှင်းကင်းရှင်း၍ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၄၅၀/ခ)၊ ဒုတိယထပ်၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၁၉၆) လိပ်စာတည်ရှိရာ နှစ်ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦမှ စတုတ္ထထပ်(ယာ) ၅-လွှာတိုက်ခန်း အလျား (၄၇)ပေx အနံ (၁၁.၆)ပေရှိ တိုက်ခန်းအား ဦးစံထွန်း [၁၂/တမန(နိုင်) ၀၆၁၃၆၂]+ ၁ မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်း တစ်စုံတစ်ရာမရှိပါကြောင်း ဝန်ခံကတိပြုပါသဖြင့် ဒေါ်ခင်လှမြင့် [၁၂/ဗဟန(နိုင်)၀၀၁၃၁၅]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်လှမြင့်**
**[၁၂/ဗဟန(နိုင်)၀၀၁၃၁၅]**
**Ph: 09-425372720**

**"ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဝရဇာ(ခ) ဂရဇာ(ဖ)လမ်း၊ မြေကွက်အမှတ်(၇၄၁) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သုံးခန်းတွဲ (၃)ထပ်ခွဲတိုက်အဆောက်အဦ၏ ပထမထပ်၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၃ပေx၅၄ပေ)ရှိ တိုက်ခန်းအား ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"**

အထက်ပါတိုက်ခန်းသည် ဒေါ်သင်းသင်း [၁၂/ဥကတ(နိုင်)၀၆၂၉၇၅] ကိုင်ဆောင်ထားသူနှင့် ဒေါ်ကြည်ကြည်အောင် (S/OKA-၀၆၃၀၁၇)/[၁၂/ဥကတ(နိုင်)၀၅၉၇၇၈] ကိုင်ဆောင်ထားသူ နှစ်ဦးတို့က တရားဝင်ပိုင်ဆိုင်လက်ဝယ်ထားပြီး အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းနွယ်စိုးနှင့် ဦးအောင်ကိုကိုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်စမ်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၆၇၈)**
**အမှတ်(၉/၁၁)၊ ၀၀၄-မြေညီထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၂၃၅၆၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ လူနေရပ်ကွက်အမှတ်-ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ (13th Tee Residence)၊ မြေကွက်အမှတ် (၁၂၄/၂)၊ ဧရိယာ (၀.၂၄၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဒိုင်စုရပ်ကွက်၊ ပန်းလှိုင်လမ်း၊ အမှတ် (၁၉၂/က)ဟု ခေါ်တွင်သော အိမ်အပါအဝင် ရေ၊ မီးအပြည့်အစုံနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေတိုင်းနှင့် မြေစာရင်းမှတ်တမ်းဌာနခွဲတွင် ဦးဇော်မြင့်[၁၂/ပဘတ(ဧည့်)၀၀၀၆၂၂] + ဒေါ်မိုးသက်ခိုင် [၁၄/ဟသတ(နိုင်) ၀၄၆၉၄၉] တို့အမည်ဖြင့် မှတ်သားထားပါသည်။ မိမိတို့တရားဝင်အမည်ပေါက် လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားတော်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ) ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၃၉၃၀၆**

## ဥတုရာသီ တောကိုမှီ၏

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးမြို့၊ ကျွန်းကလေးဈေးနီး၊ မြို့မြေ
လှုပ်စစ်မီးရရှိပြီး၊ ကွန်ကရစ်လမ်းဘေး၊
(40'x60') = ၉၅သိန်း ၊ (20'x60') = ၄၈သိန်း
ph: 09-796797258, 09-673888795

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ (37)လမ်း၊ အမှတ်(145)၊ 7လွှာ မျက်နှာမူညာဘက်ခန်းအား ရောင်းချခွင့်ရှိသူ ဦးမြင့်စိုး [၁၂/ကတတ(နိုင်)၀၁၅၀၁၃]ထံမှ ကျွန်ုပ်က ဝယ်ယူရန် စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းမြင့်**
**[၁၂/ကတတ(နိုင်)၀၁၄၀၈၆]**
**Ph:09-795722684**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ စောခွန်ရစ်လမ်း၊ မြေကွက်အမှတ်(၁၂၅၂)ဟုခေါ်တွင်သော အကျယ်ပေ(၄၇x၆၀)ရှိ မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(ပေ ၃၂ x ပေ ၆၀)၊ မြေကွက်အမှတ်(၁၂၅၃)နှင့် (ကပ်လျက်ခြမ်း) (မြေငှားဂရန်မူရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဦးရွှေ [၁၂/ဥကမ(နိုင်)၀၇၄၃၂၂]ထံမှ ဝယ်ယူရန်အဆိုပါ အိမ်မြေတန်ဖိုးတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူခိုင် [၁၀/ရမန(နိုင်)၁၉၂၈၂၃]**
**အမှတ်(၁၂၁၄)၊ ရွှေစင်(၁)လမ်း၊ (၄၄)ရပ်ကွက် ၊ မြောက်ဒဂုံ**
**ဖုန်း-09-421114777, 09-766308020**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၃၄)တိုက်ခန်း၏ တတိယထပ် (၄)လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၅ပေ x ၆၀ပေ)ရှိ ရေမီးစုံ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မေဝင်းထွန်း [၃/ကဆက(နိုင်)၀၀၁၄၆၂]က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းယုမွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၅၇)**
**အမှတ်(၈၃၇/ခ)၊ တပင်ရွှေထီးလမ်းမကြီး၊ (၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၃၂၀၈**

## နှစ်ဦးသဘောတူလင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ဦးစိုးသီဟ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ဦးစိုးသီဟ (ဘ)ဦးလှတင်[၁၂/ဗဟန(နိုင်)၀၉၀၁၂၆] နှင့် ဒေါ်နန်းစုနန္ဒီဦး(ဘ)ဦးခင်မောင်ဦး[၁၂/စခန(နိုင်)၀၆၀၁၇၀]တို့သည် လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သား မောင်ဟိန်းနန္ဒစိုး ထွန်းကားခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်သောကြောင့် ၅-၉-၂၀၂၂ရက်တွင် တောင်ဥက္ကလာပမြို့နယ် တရားရုံး၌ နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။ ဒေါ်နန်းစုနန္ဒီဦးနှင့်ပတ်သက်သော ငွေကြေးအရှုပ်အရှင်းများကိုလည်း လုံးဝတာဝန်မယူနိုင်ပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးသီဟ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ပြုမူဆောင်ရွက်လာသူ မည်သူကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးသီဟ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းလင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၅၀)**
**အမှတ်(၅၆၉)၊ ပထမထပ်၊ အခန်း(၁၀၃)၊ MAC Towen**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၃၃၃၀၁၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

အဖ ဦးခင်မောင်ဦး၊ အမိ(ဒေါ်နန်းနုနုဆွေ)၏ သမီးဖြစ်သူ မနန်းစုနန္ဒီဦး [၁၂/စခန(နိုင်)၀၆၀၁၇၀]သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ၊ ၎င်း၏သဘောဆန္ဒအတိုင်း ထင်ရာလုပ်နေပြီး မိဘအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေသည့်အပြင် မိဘညီအစ်ကိုမောင်နှမဆွေမျိုးသားချင်းတို့၏ ဂုဏ်သိက္ခာကျဆင်းစေသော လုပ်ရပ်များပြုလုပ်လျက် ရှိနေပါသဖြင့် မနန်းစုနန္ဒီဦးအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်၍ဖြစ်ပေါ်လာသော မည်သည့်ကိစ္စကိုမျှ တာဝန်မယူပါကြောင်း မိဘနှင့် လုံးဝ(လုံးဝ)သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းလင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၅၀)**
**အမှတ်(၅၆၉)၊ ပထမထပ်၊ အခန်း(၁၀၃)၊ MAC Towen**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၃၃၃၀၁၅**

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၉-၂၀၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၄)ပါ ဦးလှမျိုးကျော် [၁၂/လမန(နိုင်)၀၉၈၂၂၉]နှင့် အများသိစေရန်ကြေညာချက် တရားလွှတ်တော်ရှေ့နေ ဒေါ်လှလှလွင် + ၇ ကြော်ငြာအမှတ်စဉ်(၂)တွင် ဦးကျော်တင် (DF 008240)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးညွန့်ဝင်း[၁၂/ဥကမ(နိုင်)၀၀၁၀၆၈] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

အမှတ်(၁၂၃၇/ခ)၊ ရော(၂၁)လမ်း၊ ည/ရပ်ကွက် မြောက်ဥက္ကလာပရှိ (၂၀ပေx ၆၀ပေ) မြေကွက်နှင့်အိမ်ကို ရောင်းချသူ ဒေါ်မြင့်မြင့်သန်းမှ အရှုပ်အရှင်းမရှိ တစ်ဦးတည်းပိုင်ဆိုင်ကြောင်း ကတိပြုပြောဆိုကာ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ဝယ်ယူရန် နှစ်ဦးသဘောတူပြီးစရန်ငွေကို (၃၀-၈-၂၀၂၂)နေ့တွင် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အိမ်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများနှင့်တကွ တင်ပြ ကန့်ကွက်နိုင်ပါကြောင်း အဆိုပါရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးညွန့်ဝင်း** | **ဦးမြင့်ချို** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်-၅၈၇၁)** |
| | **အမှတ်(၇၇၃)၊ ရော (၁၇)လမ်း၊ ည/ရပ်ကွက်၊** |
| | **မြောက်ဥက္ကလာပမြို့နယ်။** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၂၊ မြေကွက်အမှတ်-၃၄၄/က၊ အကျယ်အဝန်း(အလျား ၂၀ပေx အနံ ၆၀ပေ)အနက်မှ (အလျား ၁၀ပေx အနံ ၆၀ပေ)(ခြေရင်းခြမ်း)ရှိ **ဦးမြင့်စန်းအမည်ပေါက် ပါမစ်မြေအမျိုးအစား**မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ (၇၂)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၃၄၄/က)ဟုခေါ်တွင်သော တစ်ထပ်အိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်အဆက်စပ်ဖြင့် လက်ရှိနေထိုင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခိုင်ခိုင်အေး[၇/ ပခန(နိုင်) ၁၀၅၁၀၁] က ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေး ဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်မရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်လဲ့လဲ့အေး၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးသိန်း (LL.B)** | **ဒေါ်နှင်းယုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၉/၁၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၁၁၆/ ၂၀)** |

**အမှတ်(၁၃၃၉/ခ)၊ (၃၅)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၄၉၃၈၀၊ ၀၉-၇၉၅၃၃၅၂၇၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/က)၊ မောင်းမကန်ကမ်းသာလမ်း၊ မြေကွက်အမှတ်( ၁၂၇/ခ)၊ ပါမစ်အမည်ပေါက် ဦးတင်အောင် ( ISN-277809) ပိုင်ဆိုင်သည့် အကျယ်အဝန်း ( ၂၀ ပေ x ၆၀ ပေ) မြေကွက် (ပါမစ်မူရင်းနှင့် နှစ်ထပ်တိုက်၊ ကိုယ်ပိုင် ရေ၊ မီး မီတာ အပါအဝင် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး)တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီးရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဦးဝင်းကျော် [၁၀/မလမ(နိုင်)၁၂၀၇၄၆] နှင့် ဦးတက်တိုး [၁၀/ကမရ(နိုင်)၀၀၀၄၆၆] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်များထံသို့ပိုင် ဆိုင်မှု အထောက်အထား စာရွက်မူရင်းများကိုကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် မြေကွက်နှင့်အိမ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LLB, WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄ )**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း ) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ သုဓနုလမ်း၊ မြေကွက်အမှတ်( ၉၇၈ )၊ ပါမစ်အမည်ပေါက် ဦးအောင်သန်း၊ (ISN-၄၁၁၅၅၆) ပိုင်ဆိုင်သည့် အကျယ်အဝန်း ( ၄၀ ပေ x ၆၀ ပေ) မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၁၀ပေx၆၀ပေ) (မြေကွက်အမှတ် - ၉၇၉ နှင့် ကပ်လျက်အခြမ်း ) ( ပါမစ်မိတ္တူနှင့် တစ်ထပ်တိုက်၊ ရေ၊ မီးမီတာ အပါအဝင် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး)တို့ကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြည်ကြည်အေး [၁၂/ဥကတ(နိုင်)၀၆၉၉၁၉]ထံမှ ကျွန်၏ မိတ်ဆွေဖြစ်သူ ဒေါ်ရီရီသန့်[၁၂/ဥကတ(နိုင်)၀၃၀၁၁၇]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်နှင့်မြေရှင်ထံသို့ပိုင်ဆိုင်မှု အထောက်အထား စာရွက်မူရင်းများကိုကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် မြေကွက်နှင့်အိမ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LLB, WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄ )**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇၊ မြေကွက်အမှတ်-၈၁၈/ခ၊ အကျယ်အဝန်း(အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ **ဦးကျော်လွင်အမည်ပေါက် ပါမစ်မြေ**အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ အပိုင်း(၆)၊ ကံ့ကော်မြိုင်လမ်း၊ အမှတ်(၈၁၈/ခ) ဟုခေါ်တွင်သော တစ်ထပ်တိုက်အိမ်အဆောက်အဦ အဝီစိရေတွင်း၊ လျှပ်စစ်မီတာအပါအဝင်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအရပ်စာချုပ်အဆက်စပ်များဖြင့် လက်ရှိနေထိုင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ **ဦးချစ်လွင်(မှတ်ပုံတင်လျှောက်ထားဆဲ)**က ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်မရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်တင်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးသိန်း (LL.B)** | **ဒေါ်နှင်းယုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၉/၁၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၁၁၆/ ၂၀)** |

**အမှတ်(၁၃၃၉/ခ)၊ (၃၅)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၄၉၃၈၀၊ ၀၉-၇၉၅၃၃၅၂၇၅**

## ဦးထွန်းရှိန်
### အလုပ်ရုံစုမှူး(စီမံရေး)(ငြိမ်း)
### ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ တိုက် အမှတ်(၅၁)၊ ပထမထပ်နေ (ဦးအေးမောင်-ဒေါ်နှင်းစိန်)တို့၏သား၊ (ဦးဖိုးသောင်-ဒေါ်အေးခင်)တို့၏သားသမက်၊ ဒေါ်တင်လှိုင်၏ ခင်ပွန်း၊ ဦးညွန့်ဟန်(အဲသံလွင်လေကြောင်းလိုင်း)-ဒေါ်မော်မော်စီ၊ ဒေါ်ဝင်းဝင်းမော်၊ ဦးမျိုးဆန်းအောင်-ဒေါ်စန်းစန်းဝင်း(အလပြ)၊ ဦးကျော်ထွန်းအောင်(ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များ)၊ ဦးစိန်ဝင်းထွန်း-ဒေါ်မျိုးမျိုးထွေးတို့၏ ချစ်လှစွာသောမွေးသဖခင်၊ ကိုစိုးထိုက်အောင်(WIN Consulting Ltd)၊ ကိုဖြိုးမင်းမြတ်၊ (ကိုမျိုးမင်းသူ)၊ မဖြူစင်သန့်(ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များ)၊ မအင်ကြင်းမွှေး၊ ကိုအောင်မျိုးမြင့်၊ မောင်ရဲမင်းဇော် တို့၏ ချစ်လှစွာသော အဘိုး ဦးထွန်းရှိန် သည် ၉-၉-၂၀၂၂ ရက်(သောကြာနေ့) ညနေ ၅ နာရီတွင် သုခကမ္ဘာဆေးရုံ၌(၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၉-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးမြတ်ထွန်း (B.Sc) Zoo
### စိန်နဂါး ကြွေ၊ မြေ၊ ဖန်ထည်စက်မှုကုန်ထုတ် သ/မ အသင်းလီမိတက် ဥက္ကဋ္ဌ
### သမိုင်းမြို့မ အထက(၁) မရမ်းကုန်းကျောင်းသားဟောင်း
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၁၀၉)နေ (ဦးသိန်းဝင်း-ဒေါ်သောင်းစိန်)၊ (ဦးစောလှိုင်-ဒေါ်ကျင်)တို့၏သား၊ ဦးကျော်လွင်-ဒေါ်ခင်ညို၊ (ဦးအောင်ဝင်း)-ဒေါ်နွယ်နီ၊ (ဦးငွေအောင်)-ဒေါ်လှမြင့်၊ ဦးသက်ဆွေ-ဒေါ်ခင်လှဝေ၊ (ဦးအောင်သိန်း)-ဒေါ်သန်းရှင်၊ ဦးသက်အောင်-ဒေါ်ခင်ဝင်း၊ ဦးခင်မောင်သိန်း(ဦးကောဏ္ဍညာ)တို့၏ အစ်ကိုကြီး၊ ဦးသူရထွန်း၊ ဦးဝဏ္ဏာထွန်း၊ ဦးသက်နိုင်ထွန်း-ဒေါ်မြတ်စုဝင်း၊ ဦးနိုင်ကိုကိုလင်း-ဒေါ်လှဖြိုးသူတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ (ဒေါ်သိန်းသိန်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ဇေယျဦး၊ မောင်ရဲရင့်ဘုန်းမြတ်၊ မောင်ရန်လင်းအောင်တို့၏ ဘိုးဘိုးကြီးသည် ၈-၉-၂၀၂၂ ရက် ည ၇:၁၀ နာရီတွင် ဂရင်းဟံသာအထူးကုဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၀-၉-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၉-၂၀၂၂ ရက်တွင် မရမ်းကုန်းမြို့နယ်၊ နှင်းဆီလမ်း၊ အမှတ်(၁၀၉) နေအိမ်၌ ရက်လည်ဆွမ်းကျွေးလှူဒါန်းမည်ဖြစ်ပါ၍ ကြွရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### (၁၁)နှစ်ပြည့်
## အောက်မေ့သတိရကျေးဇူးတော်ချီးမွမ်းခြင်း
### ဗိုလ်မှူးကြီးမောင်မောင်အေး(ငြိမ်း)
### ဒုတိယဝန်ကြီး(ငြိမ်း)
### မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
### မော်ကွန်းဝင် တတိယဆင့်
### ကြည်း-၆၄၄၄ ဗိုလ်သင်တန်းအမှတ်စဉ်(၈)
### (၂၇-၆-၁၉၂၆ - ၁၀-၉-၂၀၁၁)

ချစ်လှစွာသော ဖခင်ကြီးအား မိသားစုများနှင့်အတူ အသက်(၈၆)နှစ်တိုင် အတူနေထိုင်ခွင့်ရရှိခဲ့သောကြောင့် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ တိုင်းပြည်မှ ပေးအပ်သောတာဝန်၊ မိသားစု၏တာဝန်နှင့် သာသာနာ့တာဝန် စသည်တို့ကို ကျေပွန်စွာဆောင်ရွက်ခဲ့၍ ကောင်းသောပုံသက်သေကိုပြခဲ့ပြီးဖြစ်ပါသည်။

ယုံကြည်ခြင်းကို မီအောင်လိုက်နိုင်သော သားမြေးများဖြစ်စေရန် Zoom အားဖြင့် တရားဒေသနာဝေငှပေးပါသော Rev.Dr ဦးသာဒင်နှင့် အစီအစဉ်များတွင်ပါဝင်ခဲ့ကြသော ပြည်တွင်း ပြည်ပမှ ဆရာသမားများ၊ မိတ်ဆွေများနှင့် ဆွေမျိုးများအား ကျေးဇူးတင်ရှိပါသည်။ ၁၁-၉-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၁:၃၀ နာရီတွင်လည်း ၂၅၆-ဗိုလ်မြတ်ထွန်းလမ်းရှိ လွတ်လပ်သော မက်သဒစ်အသင်းတော်သို့ ကြွရောက်ပါရန် မေတ္တာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စကားဝါ(၄)လမ်း၊ မြေကွက်အမှတ်(၁၂၆)၊ ဦးချစ်အုန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီးထဲမှ ပေ(၁၀x၅၀)မြေကွက်အရောင်းအဝယ်နှင့်စပ်လျဉ်း၍**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်ပါလိပ်စာရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း အဆိုပြုလာသူ ဦးထက်အောင်လင်း[၁၂/ဥကမ(နိုင်)၂၄၁၇၈၇]ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူ မည်သူမဆိုတို့က ယနေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်ဇော်** | **ဒေါ်အိအိဖြူ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၈၀)** |
| **B.Sc, PGDL, HGP, WIPO(Switzerland)** | **LL.B, DLP, WIPO (Switzerland)** |

**အမှတ်-၅၅၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၆၁၇၁၉၁၄၊ ၀၉-၇၆၃၈၀၈၇၉၁**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့ ၊ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၈)၊ မဟာမြိုင်ပန်းခြံ(၄)လမ်း၊ အမှတ်(၃၂၂/ခ)ဟုခေါ်တွင်သော အကျယ်ပေ(၂၀ x ၆၀ )ရှိ ဦးစံညိမ်း အမည်ပေါက် နှစ်( ၆၀ )ဂရန်ထွက်ရှိထားသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် ရေမီးအစုံပါ (၁)ထပ်လူနေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးမင်းမင်းထွန်း[ ၁၂/ဥကမ(နိုင်)၁၅၆၄၄၂] ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်စိန်စိန်မြိုင် [၁၂/ဗဟန(နိုင်)၀၂၅၇၉၁] ကိုင်ဆောင်သူမှ စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အိမ်မြေအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စိန်စိန်မြိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသန္တာစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၀)**
**အမှတ်-(၂၀၄/က)၊ ဗိုလ်အောင်ကျော်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၂၀၄၆၅၄**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယကာကြီး

# ဦးစောဖါးဒါး(ကျောင်းအုပ်ကြီး-ငြိမ်း)

## အသက် (၈၈)နှစ်

ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အလှဒသနလမ်း၊ အမှတ်(၄/၄၈၀) နေ (ဦးအကီး-ဒေါ်နော်ခါင်)တို့၏ သားထွေး၊ ဒေါ်နန်းမယ်ရှင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်မောင်ဝင်း-ဒေါ်နန်းစန်းစန်းသိန်း၊ ဦးစောငြိမ်းဖေ-ဒေါ်နော်မြင့်မြင့်အေး၊ ဦးစောမြင့်ဦး-ဒေါ်နန်းဘေဘီမြင့်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေး ရှစ်ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘိုးသည် ၈-၉-၂၀၂၂ (ကြာသပတေးနေ့) ည ၁၁:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၀-၉-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ထန်းကိုးပင် သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသုဘရှုကြွရောက်ပါရန် ရပ်နီးရပ်ဝေး မိတ်ဆွေများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ခင်မျိုးညွန့်

## အသက်(၉၄)နှစ်

မန္တလေးမြို့နေ (ဒုတိယအရေးပိုင်မင်း ဦးဘတော်-ဒေါ်တင့်)တို့၏သမီး၊ (ဒေါ်ခင်သိန်းကြည်)၏ ညီမ၊ (ဦးကိုကိုကြီး)၊ (ဦးတော်တော်)၊ ဒေါ်မေမေတော်၊ ဒေါ်ခင်ခင်တော်တို့၏ အစ်မ၊ ဒေါ်ခင်သီတာမျိုး၏ မိခင်ကြီးသည် ၉-၉-၂၀၂၂ (သောကြာနေ့) နံနက် ၇:၁၅ နာရီတွင်ဘဝတပါးသို့ကူးပြောင်းကွယ်လွန်သွားပါ၍ ကာယကံရှင်၏ဆန္ဒအရ မန္တလေးဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးစောဖါးဒါး

### အသက် (၈၈)နှစ်

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး-ဒေါ်နန်းဘေဘီမြင့်တို့၏ဖခင်ဖြစ်သူ ဦးစောဖါးဒါး အသက် (၈၈)နှစ်သည် ၈-၉-၂၀၂၂ (ကြာသပတေးနေ့) ည ၁၁:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄ကံဘဲ့၊ မြေကွက်အမှတ်-၂၆/က-၉၊ ဧရိယာ(၀.၁၀၉)ဧက၊ မြေအမျိုးအစား B-လန၃ခမြေ၊ ဦးလှိုင်ဖေ [၁၂/ရကန(နိုင်)၀၄၅၆၀၄]အမည်ပေါက် မြေကွက်အား တရားဝင်မခွဲမစိတ်ရသေးသော အလျား ၇၃ပေ x အနံ ၄၀ ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသည့် အမှတ်(၃၆)၊ ရွှေသစ္စာလမ်း၊ (၁၃) ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟု ခေါ်တွင်သော မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦတို့အား ရန်ကင်းမြို့နယ်တရားရုံး၏ ၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀/၂၀၁၂ ၏ စီရင်ချက်တာဝန်ခံမိတ္တူမှန်၊ ရန်ကင်းမြို့နယ်တရားရုံး ၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၈/၂၀၂၁၏ ထုံးပုံကျအပြီးသတ်အမိန့် တာဝန်ခံမိတ္တူမှန်၊ အရောင်းအဝယ်စာချုပ်အမှတ်- ၃၁၅၄/၂၀၂၂(၂၇-၄-၂၀၂၂)အရ ပိုင်ဆိုင်သူ ဒေါ်နီနီဝင်း [၁၂/ဥကတ(နိုင်)၁၃၂၀၈၀]မှ တစ်ဖက်သတ် မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ စိန်နဂါး ကြွေမြေဖန်ထည် စက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက်၏ အသင်း ဥက္ကဋ္ဌ ဦးမြတ်ထွန်း အသက်(၇၂)နှစ်သည် ၈-၉-၂၀၂၂ (ကြာသပတေးနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌကြီး ကောင်းရာသုဂတိလားပါစေ။

**စိန်နဂါးကြွေမြေဖန်ထည်**
**စက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက်**
**ဒါရိုက်တာအဖွဲ့နှင့် အသင်းသူ/အသင်းသားများ**

---

ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး

## ဦးအောင်ကျော်ညွန့်

(ငွေစာရင်းအရာရှိ-ငြိမ်း)

(MOGE)

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၆၁၆)၊ (၃၇)ရပ်ကွက်၊ လှိုင်ထိပ်ခေါင်တင်လမ်းနေ (ဦးတင်ရွှေ-ဒေါ်အေးချစ်)တို့၏သားကြီး၊ (ဦးသော-ဒေါ်ခင်မြင့်)တို့၏သားသမက်၊ ဆရာတော်ဦးသုဒဿန (သုဒဿနစာသင်တိုက်-သန်လျင်)၏ ရဟန်းဒါယကာကြီး၊ ဒေါ်စောမြတ်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်လှလှငွေး၊ (ဦးမောင်အေး)-ဒေါ်လှလှဝေ၊ ဦးဝင်းဆွေ-ဒေါ်မူမူမြင့်တို့၏ အစ်ကိုကြီး၊ ဦးကျော်ဇေယျ-ဒေါ်မေသီအောင်၊ ဦးကျော်ဇင်သန့်-ဒေါ်ငြိမ်းငြိမ်း၊ (ဒုတိယဗိုလ်မှူးကြီး ကျော်ထင်အောင်)-ဒေါ်ခိုင်သဥ္ဇာဦးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ငါးယောက်တို့၏အဘိုး ဦးအောင်ကျော်ညွန့်သည်၈-၉-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သည့်ရုပ်ကလာပ်ကို ၁၂-၉-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၉-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးစောဖါးဒါး

### အသက် (၈၈)နှစ်

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး-ဒေါ်နန်းဘေဘီမြင့်တို့၏ဖခင်ဖြစ်သူ ဦးစောဖါးဒါး အသက် (၈၈)နှစ်သည် ၈-၉-၂၀၂၂ (ကြာသပတေးနေ့) ည ၁၁:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကရင်ပြည်နယ်သယံဇာတရေးရာဝန်ကြီးနှင့် ဇနီး၊ ဝန်ထမ်းမိသားစုများ**

---

## ဗိုလ်မှူးရဲထွဋ် (ဒုတိယညွှန်ကြားရေးမှူးချုပ်)

နေပြည်တော်စည်ပင်(ငြိမ်း)

### အသက်(၆၆) နှစ်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လောပိတနေ ဦးတင်ညွန့်-ဒေါ်ယဉ်နုတို့၏သား၊ ပါမောက္ခ ဒေါက်တာ ခင်ချိုဝင်း(ငြိမ်း) (ခေတ်ရောင်ခြည်နှင့် ကင်ဆာအထူးကု၊ ရန်ကုန်ဆေးရုံကြီး)၏ ခင်ပွန်း၊ ဒေါက်တာ သီရိရွှေရည်၊ ဒေါက်တာ ခင်မိုးပြည့်သူ (ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)တို့၏ဖခင် ဗိုလ်မှူးရဲထွဋ် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်စည်ပင်-ငြိမ်း)သည် ၈-၉-၂၀၂၂ (ကြာသပတေးနေ့) ည ၉:၃၅ နာရီခန့်တွင် အမှတ် (၁၂)၊ ပိတောက်လမ်း၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား ညှိုးငယ်စွာ အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မေသန်း

### ဦးအုန်းရွှေနှင့်သားများ သင်္ဘောဆေးဆိုင်၊ (၂၆)လမ်း

### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်-အနောက်ရပ်ကွက်၊ အမှတ် (၁၃၇-၁၃၉)၊ ဦးချစ်မောင်လမ်းနေ ဦးအုန်းရွှေ-ဒေါ်အေးမိတို့၏ ချစ်လှစွာသော သမီးကြီး၊ ဦးစိန်ငွေး-ဒေါ်စန်းစန်းဝင်း (ဦးအုန်းရွှေနှင့်သားများ သင်္ဘောဆေးဆိုင်၊ ဗဟန်း)တို့၏ ညီမ၊ ဦးသန်းအောင်-ဒေါ်ခင်မေကြည်၊ ဦးတင်ငွေး-ဒေါ်ခိုင်ဇာခြည်ထွန်း၊ ဦးအောင်နိုင်ဝင်း-ဒေါ်ခင်မေစမ်း၊ ဦးစိန်ကြိုင်-ဒေါ်ခင်မေသင်း၊ (ဦးညီညီငွေး)၊ ဦးအောင်အောင်ငွေး- ဒေါ်နန်းမြမျိုးမဉ္ဇူ (ဦးအုန်းရွှေနှင့်သားများ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးကျော်မြင့်-ဒေါ်ခင်သီတာအောင်တို့၏ အစ်မကြီး၊ တူ/တူမ ၁၈ ယောက်တို့၏အဒေါ် ဒေါ်ခင်မေသန်းသည် ၈-၉-၂၀၂၂ ရက် ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးစောဖါးဒါး

### အသက် (၈၈)နှစ်

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး-ဒေါ်နန်းဘေဘီမြင့်တို့၏ဖခင်ဖြစ်သူ ဦးစောဖါးဒါး အသက် (၈၈)နှစ်သည် ၈-၉-၂၀၂၂ (ကြာသပတေးနေ့) ည ၁၁:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

# သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ဦးကျော်ဇွာ

### အသက်(၄၆) နှစ်

ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်းနေ [ဦးခင်မြင့် (စက်ရုံမှူး)]-ဒေါ်ကြည်လွင်တို့၏ သား၊ မဖြူဖြူဝင်း၊ မစိုးမိုးတို့၏မောင်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အမှတ်(၄၉)နေ ဦးသိန်းထွန်း-ဒေါ်မြင့်မြင့်ကြည်တို့၏ သားသမက်၊ (ဦးဝင်းနွယ်)-ဒေါ်မြင့်သန်းတို့၏ တူ၊ ဒေါက်တာသန္တာဝင်းနွယ်၊ ဦးဇော်ဝင်း-ဒေါ်စန္ဒာဝင်းနွယ်၊ ဦးဝင်းထက်- ဒေါ်ဝင်းဝင်းနွယ်တို့၏ မောင်၊ မောင်စောခိုင်ထွန်း- မဖြူနှင်းအိတို့၏ အစ်ကို ၊ မဆုပြည့်ပြည့်ထက်၊ မဖြူစင်ဝင်းထက်၊ မယုယသံစဉ်ထွန်းတို့၏ ဦးလေး၊ မမေဖူးပြည့်စံ၏ ချစ်လှစွာသောဖခင်၊ ဒေါ်ကေခိုင်ထွန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၇-၉-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၂၂ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးဘုန်းဆွေ(ခ) ဦးဂျော်နီ

### အသက်(၇၅)နှစ်

ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာအိဖြူလွင်၏ အစ်ကိုဖြစ်သူသည် ၆-၉-၂၀၂၂ ရက် နံနက် ၁၁:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်**
**ဆေးတက္ကသိုလ် ၂ ရန်ကုန်**
**ဆေးဝါးတက္ကသိုလ်-ရန်ကုန်(ပူးတွဲတာဝန်)**
**ပညာရှင်၊ ဆေးဝါးတက္ကသိုလ်-ရန်ကုန်**
**ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးတက္ကသိုလ် ၂ ရန်ကုန်၊ ဆေးဝါးတက္ကသိုလ်-ရန်ကုန်**

---

## ခရစ်တော်၌အိပ်ပျော်ခြင်း

# ဒေါ်လှခင်(ခ)နာကော်

### (ကျိုင်းတုံ-ဖားရုံလိုးရွာ)

### အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် (၅၈)နေ (ဆရာဦးလေးဖူ-ဒေါ်နာလယ်)တို့၏ သမီးကြီး၊ (ဦးအောင်ဇံ-ဒေါ်စိန်ခင်)တို့၏ သမီးချွေးမ၊ (သိက္ခာတော်ရ ဆရာဦးမာကု)၏ ညီမ၊ သိက္ခာတော်ရ ဆရာ ဦးဒေးဗစ်၊ (ဒေါ်လမေ)၊ ဦးရှိလ၊ ဒေါ်ဂျီးလေ၊ ဒေါ်ဂျီးလတို့၏ အစ်မကြီး၊ (သိက္ခာတော်ရဆရာကြီး ဦးအောင်တင်)၏ ဇနီး၊ (ဒေါ်တင်တင်လှ)၊ (ဦးတင်မောင်လွင်)-ဒေါ်ယဉ်ယဉ်လှ(ခ)ဖြူလေးတို့၏ မွေးသမိခင်၊ မောင်ကောင်းထက်တင်၊ မောင်ရဲထက်တင်တို့၏ အဘွားသည် ၉-၉-၂၀၂၂ (သောကြာနေ့) နံနက် ၇:၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၉-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဈာပနဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့် ဒဂုံမြို့သစ် နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [မိခင်ကြီးအား အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းခြင်းကို ၁၇-၉-၂၀၂၂ (စနေနေ့) နံနက် ၉ နာရီတွင် အထက်ဖော်ပြပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ Golden City Condominium၊ Block No(7)၊ Basement+RC (၃၄)ထပ်ကွန်ဒိုအဆောက်အဦ၏ (၁၈)လွှာအခန်း၊ Unit No(1805)၊ ဧရိယာ(517.74)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်လှမြင့်သိန်း[၁၂/လမတ(နိုင်)၀၁၅၇၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်စုစုလှိုင်[၁၂/လသန(ဧည့်)၀၀၁၉၂၇]၊ ဦးရဲထက်ကျော်[၁၂/သကတ(နိုင်)၂၀၃၀၆၁]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စုစုလှိုင်၊ ဦးရဲထက်ကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph:-09-765602290**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

---

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်/အမည်-(၁၀/မြို့မမြောက်ရပ်)၊ မြေကွက်အမှတ် (ပ-၃၃၄၄၉)၊ ဧရိယာ (၀.၀၅၅) ဧကရှိ မြေနှင့်ပတ်သက်၍ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-(၉၇၁)၊ (၁၈-၈-၂၀၁၇)ရက်စွဲဖြင့် ဦးလှတင့်မှ ကျွန်မ ဒေါ်ဆွေဇင်ဝင်းသို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ၁၀-၉-၂၀၂၂ ရက်နေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်ဆွေဇင်ဝင်း**
**[၅/ကလထ(နိုင်)၁၄၇၃၄၉]**
**ဖုန်း- 09-265285480**

---

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့အတွက် တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှုရှိဖို့လိုပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ မည်သည့်ပုံစံနဲ့မဆို ခြိမ်းခြောက်အကျပ်ကိုင်၊ ဖိအားပေးခံရမှု မရှိဘဲ မိမိဆန္ဒအတိုင်းမဲပေးဖို့ လိုအပ်ပါတယ်။ လာမယ့်အထွေထွေရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံးလွတ်လပ်ပြီး တရားမျှတစွာ နေရာအနှံ့ အကြားအလပ်မရှိ ကျင်းပနိုင်ရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ တရားမျှတမှုနဲ့ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေမရှိစေဖို့အတွက် လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ နိုင်ငံရေးနဲ့လုံခြုံရေးအခြေအနေ အမြန်ဆုံးတည်ငြိမ်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ကျွန်တော်တို့ မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂



## သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် မြန်မာ့ရိုးရာမီးပုံးများ စတင်ပြုလုပ်ရောင်းချ

မန္တလေး စက်တင်ဘာ ၉

သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် မြန်မာ့ရိုးရာ မီးပုံးများနှင့် ဆက်စပ်ထုတ်ကုန်များ မန္တလေးဈေးကွက်တွင် စတင်ပြုလုပ်ရောင်းချနေပြီဖြစ်ပြီး ယမန်နှစ်ထက် ဈေးအနည်းငယ်သာမြင့်တက်မှုရှိကြောင်း မီးပုံးများပြုလုပ်၍ နှစ်စဉ် ရောင်းချနေသူ ဦးမြင့်ထွေးက ပြောသည်။

“ကျွန်တော်တို့က ဘိုးစဉ်ဘောင်ဆက် မီးပုံးတွေလုပ်ပြီး ဖောက်သည်ပေးတယ်။ ဝယ်သူတွေ ဈေးမများအောင် အတတ်နိုင်ဆုံး ဈေးလျှော့ရောင်းပါတယ်။ ဒီနှစ်မှာ ကြာဖူးပုံလေးနဲ့ မီးပုံးကို ဒီဇိုင်းအသစ်ထုတ်ထားတယ်။ မီးပုံးကတော့ သီတင်းကျွတ်လပြည့်နားနီးမှ အများကြီးထုတ်ပါတယ်။ အမှာကလည်း အဲဒီကျမှ အများကြီးလာတာပါ။ ခုချိန်မှာ ကား၊ သင်္ဘော၊ တိရစ္ဆာန်ရုပ်တွေကို ကြိုလုပ်ထားတယ်။ ကုန်ကြမ်းဈေးတက်ပေမယ့် မီးပုံးတွေကတော့မနှစ်ကထက် ဈေးအနည်းငယ်ပဲ တက်ပါတယ်”ဟု ၎င်းက ပြောသည်။

စာမျက်နှာ ၂၀ ကော်လံ ၄ သို့ ☆

## ဇူးရစ်အသင်းကို အာဆင်နယ်အသင်း အနိုင်ရရှိခဲ့ပြီး ရီးယဲလ်ဆိုစီဒက်အသင်းကို မန်ယူအသင်း ရှုံးနိမ့်

စက်တင်ဘာ ၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ်အုပ်စုအဆင့်ပွဲစဉ်(၁)မှာ နည်းပြအာတီတာရဲ့ အာဆင်နယ်အသင်းဟာ ဇူးရစ်အသင်းရဲ့ အိမ်ကွင်းကို သွားရောက်ကစားခဲ့ရာ အာဆင်နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး မန်ယူအသင်းကတော့ အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ ဧည့်ခံကစားခဲ့ရပေမယ့် ဧည့်သည် ရီးယဲလ်ဆိုစီဒက်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

**ဦးဆောင်ဂိုးစတင်ရရှိ**

ဇူးရစ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းဟာ ပထမပိုင်းပွဲကစားချိန် ၁၆ မိနစ်မှာ အိုလီဗီရာအလန်ကာရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ၄၄ မိနစ်မှာ ကရိုင်းဇူးရဲ့ ပင်နယ်တီသွင်းဂိုးကို ခွင့်ပြုပေးလိုက်ရတာကြောင့် ပထမပိုင်းပွဲကစားချိန်အတွင်းမှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပါတယ်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ○




**ယနေ့ ဖတ်စရာ**

### အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ကလေးငယ်ပေါင်း ၁၄ ဒသမ ၅ သန်းကျော်ရှိ

စာမျက်နှာ » ၁၃

### မြန်မာ-ဒူဘိုင်း နှစ်နိုင်ငံရဲအဖွဲ့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီး ခုနစ်ဦးအား ကယ်တင်၍ မြန်မာနိုင်ငံသို့ ခေါ်ယူပေးနိုင်ခဲ့

စာမျက်နှာ » ၁၄

## မော်လမြိုင်မြို့မှ လူနာပို့ဆောင်ပြီး ရေးမြို့သို့ပြန်လာသည့် လူမှုကူညီရေးယာဉ်တစ်စီးအား သံဖြူဇရပ်မြို့နယ် ပိန္နဲတောကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်းနှင့် အကူယာဉ်မောင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိ

နေပြည်တော် စက်တင်ဘာ ၉

မွန်ပြည်နယ် မော်လမြိုင်မြို့မှ လူနာပို့ဆောင်ပြီး ရေးမြို့သို့ ပြန်လာသည့် လူမှုကူညီရေး ယာဉ်တစ်စီးအား ယနေ့နံနက်အစောပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက သံဖြူဇရပ်မြို့နယ် ပိန္နဲတောကျေးရွာအနီး၌ မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် လူမှုကူညီရေးယာဉ်မောင်းနှင့် အကူယာဉ်မောင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေးမြို့ အောင်မင်္ဂလာရပ်ကွက်နေသူများဖြစ်သည့် မောင်နေလင်းဦး (ခ) အဘစ် (၂၀)နှစ် မောင်းနှင်ပြီး အကူယာဉ်မောင်းအဖြစ် မောင်ညီလင်းထွန်း(ခ)ဇူးဇူး(၁၉)နှစ်တို့ နှစ်ဦးသည် အောင်မင်္ဂလာ လူမှုကူညီရေးယာဉ်ဖြင့် မော်လမြိုင်မြို့ပြည်သူ့ဆေးရုံကြီးသို့ လူနာသွားရောက်ပို့ဆောင်ပြီး ရေးမြို့သို့ပြန်လည်ထွက်ခွာလာခဲ့ရာ ယနေ့နံနက် ၁ နာရီခွဲခန့်တွင် သံဖြူဇရပ်မြို့နယ် ပိန္နဲတောကျေးရွာအနီးအရောက်၌ PDF အမည်ခံ

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ■